ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်၊ သောကြာနေ့၊ (15-4-2011) (၆၇၃၅)

တပေါင်း တော်မင်္ဂလမုဏ္ဍ

ဖြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မဟာသင်္ကြန်အကျနေ့တွင် နေပြည်တော်တစ်ခွင်၌ အေးချမ်းခြင်း၊ ပျော်ရွှင်ခြင်း၊ စည်ကားခြင်းတို့ဖြင့် ထုံမွမ်း

နေပြည်တော် ဧပြီ ၁၄

မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် မဟာသင်္ကြန်အခါသမယ အတာရေသဘင်ပွဲ ဆင်ယင်နွှဲပျော်သည့်ကာလ ယနေ့ မဟာသင်္ကြန်အကျနေ့တွင် နေပြည်တော်နှင့် နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များ၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အထူးသဖြင့် မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ဝန်ကြီးဌာနများအလိုက် ယိမ်းအကအဖွဲ့များက အဖွဲ့လိုက် ယှဉ်ပြိုင်ကပြဖျော်ဖြေကြကာ ညနေပိုင်းနှင့် ညပိုင်းတို့တွင် ရုပ်ရှင်သရုပ်ဆောင်နှင့် **စာမျက်နှာ ၈ ကော်လံ ၄ သို့**❄

မဟာသင်္ကြန်အကျနေ့က ရာဇသင်္ဂဟလမ်းမကြီးတစ်လျှောက် ရေပက်ခံကားများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။(ကြေးမုံ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ သံရုံးဝန်ထမ်းများနှင့် ဇနီးများ၊ မိသားစုများ နေပြည်တော်မဟာသင်္ကြန်ပွဲ ပါဝင်ဆင်နွှဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ သံရုံးဝန်ထမ်းများနှင့် ဇနီးများ၊ မိသားစုများ နေပြည်တော်ဟိုတယ်ဇုန်ရှိ မဟာသင်္ကြန်ရေသဘင် မဏ္ဍပ်များ၌ တပျော်တပါး ပါဝင်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ သံရုံးဝန်ထမ်းများနှင့် ဇနီးများ၊ မိသားစုများသည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး ဒေါ်လင်းလင်းတင်တို့ ဦးဆောင်လျက် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရဟိုတယ်၊ တော်ဝင်ကုမုဒြာဟိုတယ်၊ ရွှေမြန်မာဟိုတယ်၊ ရွှေဧည့်သည်ဟိုတယ်နှင့် မြတ်တော်ဝင်ဟိုတယ် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်များနှင့် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်တို့သို့ သွားရောက်၍ နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို တပျော်တပါး ပါဝင်ဆင်နွှဲရေကစားကြသည်။

ဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဦးဆောင်သော သံတမန်များသည် **စာမျက်နှာ ၃ ကော်လံ ၁ သို့**✤

ကြေးမုံ The Mirror

၁၅-၄-၂၀၁၁
(သောကြာနေ့)

ကျန်းမာပျော်ရွှင် ပါဝင်ဆင်နွှဲ မြန်မာ့သင်္ကြန်ပွဲ

နှစ်သစ်ကူးသည့် တန်ခူးလရာသီ။ နိုင်ငံတစ်ဝန်း မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ပွဲ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲနေကြပြီ။ မြန်မာနိုင်ငံတွင် တစ်ဆယ့်နှစ်လရာသီပွဲများရှိသည့်အနက် သင်္ကြန်ပွဲသည် အထူးခြားဆုံး၊ ပျော်ရွှင်ကြည်နူးဖွယ်ရာ အကောင်းဆုံးဖြစ်သည်။

သင်္ကြန်အကြိုနေ့မှသည် သင်္ကြန်အတက်နေ့အထိ ရေပက်ကစားကြမည်။ တစ်ဦးနှင့်တစ်ဦး ရေစင်သွန်းလောင်း၍ ကစားကြမည်ဖြစ်ရာ အေးမြစေကြောင်း၊ သန့်စင်စေကြောင်း မေတ္တာစိတ်ဖြင့်ယှဉ်၍ ကစားသင့်ကြသည်။ သို့မှသာ သင်္ကြန်၏အနှစ်သာရ၊ သင်္ကြန်၏ ပျော်ရွှင်ကြည်နူးဖွယ်ရာများ အပြည့်အဝရရှိခံစားနိုင်ကြမည် ဖြစ်သည်။

သင်္ကြန်ကာလအတွင်း အန္တရာယ်ကင်းစင် ကျန်းမာပျော်ရွှင်ရေးအတွက် နေထိုင်သွားလာစားသောက်ရာတွင် သတိပြုရမည့်အချက်များကိုလည်း ဂရုပြုသင့်သည်။ အထူးသဖြင့် ဘီယာ၊ အရက်များသောက်စား၍ ရေကစားကြရာ ရာသီဥတုပူပြင်းချိန်ဖြစ်၍ ဦးနှောက်သွေးကြောပြတ်နိုင်၊ လေဖြတ်နိုင်သဖြင့် ဆင်ခြင်သောက်သုံးသင့်သည်။

သင်္ကြန်ရက်များအတွင်း အစားအသောက် မဆင်ခြင်သဖြင့် ဝမ်းလျှောဝမ်းပျက်ဖြစ်တတ်သည်။ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်နိုင်သည်။ ရေနှင့်အစားအစာ မသန့်ရှင်းရာမှ ဗက်တီးရီးယားပိုးများကြောင့်လည်း ဖြစ်နိုင်သည်။ ရေပက်ကစားရင်း မုန့်စားခြင်း၊ ဝက်သားတုတ်ထိုး၊ အသားကင်၊ သရက်ပြား၊ မရမ်းပြားများစသည့်တို့ စားသုံးခြင်းသည် ဝမ်းလျှောဝမ်းပျက်ဖြစ်စေနိုင်သဖြင့် သတိပြုသင့်သည်။

ထို့အပြင် မော်တော်ယာဉ်များဖြင့် ရေကစားသည့်အခါ အတက်အဆင်း ခြေချော်ကျခြင်း၊ ဦးခေါင်းထိခိုက်မိခြင်း၊ ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုနောက်ပြောင်ရာမှ ခိုက်ရန်ဖြစ်ပွားခြင်းတို့ကြောင့်လည်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ဖြစ်ပွားတတ်သည်။ အထူးသဖြင့် သင်္ကြန်ရက်များအတွင်း အမျိုးသမီးငယ်များ အရက်သေစာသောက်စားမှုများ မပြုလုပ်မိစေရေး ဆင်ခြင်သင့်သည်။

မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်သည် ပျော်ရွှင်ဖွယ်ရာကောင်းလှသည်။ ပြည်သူအားလုံး ကြည်နူးပျော်ရွှင် ရေကစားကြသော နှစ်သစ်ကူး ရေကစားပွဲတော်ဖြစ်သည်။ ရေကစားသူများအားလုံးက မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ သွားလာနေထိုင် ရေကစားကြခြင်းဖြင့် ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင် ရေသဘင်ပွဲ ပါဝင်ဆင်နွှဲနိုင်ကြမည် ဖြစ်ပါသည်။ ။

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် အဖွဲ့ပိုင် မီးသတ်စက်များဖြင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၈ ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် စုပေါင်းလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၄

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၈)ကြိမ်မြောက် အသက်(၇၅)နှစ်နှင့်အထက် မွန်အဘိုး၊အဘွားများအား ရိုးရာအစဉ်အလာမပျက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော မွန်ကျောင်းသား၊ ကျောင်းသူများအား ဆဋ္ဌမအကြိမ်မြောက် ဂုဏ်ပြုချီးမြှင့်ပွဲကို (မြန်မာနှစ်ဆန်းတစ်ရက်) ဧပြီ ၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံနှင့် မွန်ပိဋကတ်တိုက်တို့၌ ကျင်းပမည်ဖြစ်သည်။

နှစ်ဆန်းတစ်ရက်တွင် နံနက် ၇ နာရီမှစ၍ ကြွရောက်လာသော ဧည့်ပရိသတ်များအား မွန်ရိုးရာသင်္ကြန်ထမင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပြီး ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော မွန်ကျောင်းသား၊ ကျောင်းသူများနှင့် အသက်(၇၅)နှစ်နှင့်အထက် မွန်သက်ကြီးများစာရင်းပေးသွင်းနိုင်ရန်နှင့် အလှူငွေကို နိုင်မင်းသောင်းသျှင် (ဥက္ကဋ္ဌ) ဖုန်း-၀၁-၄၀၀၃၄၆၊ ၀၉-၇၃၁၀၈၂၁၄၊ နိုင်ဖေတင် (ဒုတိယဥက္ကဋ္ဌ-၁) ဖုန်း-၀၁-၅၆၂၅၄၆၊ ၀၉-၅၁၉၇၇၃၃၊ မိနီလာခင် (အတွင်းရေးမှူး) ဖုန်း-၀၁-၅၇၉၄၅၇၊ ၀၉-၅၁၄၉၉၅၄၊ မိကွန်ချစ်ချစ် (ဘဏ္ဍာရေးမှူး) ဖုန်း-၀၁-၅၅၄၉၂၆ နှင့် မွန်ဓမ္မာရုံ ဖုန်း-၀၁-၃၇၅၅၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ပမ္မဝတီတံတား မြင်းကဆိပ်ကြိုးတံတားကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးစိုးတင့် ဧရာဝတီတိုင်းဒေသကြီး လမ်း၊ တံတားများ စစ်ဆေး

နေပြည်တော် ဧပြီ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဧပြီ ၁၁ ရက်တွင် မြောင်းမြ-လပွတ္တာလမ်းတစ်လျှောက် မြင်းကဆိပ်ကြိုးတံတားနှင့် မြောင်းမြကြိုးတံတားတို့၏ ကြံ့ခိုင်မှု၊ လပွတ္တာကြိုးတံတား ဆေးသုတ်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းစည်းဝေး

ဆက်လက်၍ လပွတ္တာ(ကျောက်ဖျာလေး)-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း လမ်းကြောင်းသစ် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြောင်းမြ၊ လပွတ္တာခရိုင်အဖွဲ့များ၊ လမ်းအထူးအဖွဲ့(၂)၊ (၁၅)၊ (၁၆) အဖွဲ့များနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများနှင့်အတူ လမ်း၊ တံတားလုပ်ငန်း ညှိနှိုင်းစည်းဝေးသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၁၂ ရက်တွင် ပုသိမ်-ကံကလေးလမ်း၊ ကံကလေး-ရေကြည်လမ်းနှင့် ရေကြည်-ကျုံပျော်-အထောင်-ရှားခဲ-ဟင်္သာတ လမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဟင်္သာတခရိုင် အင်ဂျင်နီယာမှူးရုံး၌ ဧရာဝတီတိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် ကုမ္ပဏီများနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မျိုးသိန်း အီလက်ထရွန်နစ်၏ အရောင်းကိုယ်စားလှယ်များနှင့် မိသားစုများ တရုတ်နှင့်ထိုင်းနိုင်ငံတို့သို့ အလည်အပတ်ခရီးထွက်ခွာ

ရန်ကုန် ဧပြီ ၁၄

မျိုးသိန်းအီလက်ထရွန်နစ်ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၉)လမ်းနှင့် (၈၃)လမ်းထောင့် အမှတ်(၁၇၇)၌ ဖွင့်လှစ်၍ TV, DVD ရုပ်သံပစ္စည်း အမျိုးမျိုး၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ပန်ကာစသည့် အိမ်သုံး၊ လုပ်ငန်းသုံးလျှပ်စစ်ပစ္စည်း အမျိုးမျိုးကို ဝယ်ယူသူများ စိတ်ကျေနပ်မှုရရှိအောင် ရောင်းချခဲ့ရာ နှစ် ၂၀ ပြည့်ခဲ့ပြီဖြစ်သည်။

မျိုးသိန်းအီလက်ထရွန်နစ် နှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် မန္တလေးမြို့နှင့် ဒေသအသီးသီးမှ အရောင်းကိုယ်စားလှယ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် အရောင်းကိုယ်စားလှယ်များနှင့် မိသားစုများ စုစုပေါင်း ၈၇ ဦးသည် မျိုးသိန်းအီလက်ထရွန်နစ်ပိုင်ရှင် ဦးမျိုးသိန်း-ဒေါ်တင်တင်ဆွေနှင့် မိသားစုများနှင့်အတူ ယမန်နေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်း၊ ဆူကျိုး၊ ဟန်ကျိုး၊ ဝူကျိန်းမြို့များနှင့် ထိုင်းနိုင်ငံတို့သို့ ခုနစ်ညအိပ် ရှစ်ရက် အလည်အပတ်ခရီး ထွက်ခွာသွားကြသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ပွင့်လင်းရာသီ မီးသတိပေး

ရေစကြို ဧပြီ ၁၄

ရေစကြိုမြို့နယ်အတွင်း၌ မြို့ရွာနယ်ပါ မီးဘေးအန္တရာယ် သတိမူရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရုံးဝင်းနှင့် မြို့ပေါ်အနှံ့အပြားတို့တွင် အသံချဲ့စက်ဖြင့် လှည့်လည်၍ မီးသတိပေးရေး နှိုးဆော်လျက်ရှိကြောင်း သိရသည်။ (၂၀၇)

မီး သတိပြု

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူရေး တိုးချဲ့ပညာပေးသင်တန်းဖွင့်ပွဲကို မကွေးမြို့နယ် ကျွန်းမြတ်ကျေးရွာ၌ ကျင်းပရာ ပျားလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မြဦး အမှာစကားပြောကြားစဉ်။ (၃၃၃)

✤ ရှေ့ဖုံးမှ

နံနက် ၉ နာရီ ၄၅ မိနစ်မှ စတင်၍ အမရဟိုတယ်၊ တော်ဝင်ကုမုဒြာဟိုတယ်၊ ရွှေမြန်မာဟိုတယ်၊ ရွှေဧည့်သည်ဟိုတယ်နှင့် မြတ်တော်ဝင်ဟိုတယ် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်တို့သို့ သွားရောက်ကြပြီး ဟိုတယ်များမှ ယိမ်းအကအဖွဲ့များနှင့် အနုပညာရှင်များ၏ သင်္ကြန် အဆို၊ အကများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြကာ သံတမန်များနှင့် မိသားစုများသည် မြန်မာ့ရိုးရာသင်္ကြန်တွင် ပါဝင်ဆင်နွှဲ၍ ပျော်ရွှင်စွာ ရေကစားကြသည်။

ထို့နောက် ဝန်ကြီးနှင့်ဇနီး ဦးဆောင်သော သံတမန်များနှင့် မိသားစုများသည် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်သို့ ရောက်ရှိကြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ယိမ်းအကအဖွဲ့၊ ဝန်ကြီးဌာန ယိမ်းအကအဖွဲ့များနှင့် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များ၏ သင်္ကြန်အခါတော် အဆို၊ အကများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ သံတမန်များနှင့် မိသားစုများသည် ယိမ်းအကအဖွဲ့၊ အနုပညာရှင်များနှင့်အတူ မြန်မာ့တေးသီချင်းဖြင့် ပါဝင်ကပြ ဆင်နွှဲကြသည်။

ထို့နောက် မြို့တော်ဝန်နှင့် ဇနီးတို့က ဝန်ကြီးနှင့်ဇနီး ဦးဆောင်သော သံတမန်များနှင့် မိသားစုများအား မြို့တော်ခန်းမ ပထမထပ်ရှိ မင်္ဂလာခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ပါဝင်ဆင်နွှဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ သံရုံးဝန်ထမ်းများနှင့် ဇနီးများ၊ မိသားစုများ နေပြည်တော်ဟိုတယ်ဇုန်ရှိ မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်များ၌ တပျော်တပါး ပါဝင်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီးတို့ ဦးဆောင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ သံရုံးဝန်ထမ်းများနှင့် ဇနီးများ၊ မိသားစုများ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ သင်္ကြန်အခါတော် အဆို၊ အကများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၁၄

၂၀၁၁ ခုနှစ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

(၁၈)ကျင်းပြိုင်ပွဲ

ယနေ့ကျင်းပသည့် ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲတွင် Professional အဆင့်၌ လှမျိုးက စုစုပေါင်းရိုက်ချက် ၆၈ ချက်ဖြင့် ပထမ၊ အောင်ဝင်းက စုစုပေါင်းရိုက်ချက် ၇၀ ဖြင့် ဒုတိယ၊ ဇော်ဇင်ဝင်းက စုစုပေါင်းရိုက်ချက် ၇၁ ချက်ဖြင့် တတိယ၊ မြင့်ရွှေက စုစုပေါင်းရိုက်ချက် ၇၂ ချက်ဖြင့် စတုတ္ထနှင့် နိုင်နိုင်လင်းက စုစုပေါင်းရိုက်ချက် ၇၂ ချက်ဖြင့် ပဉ္စမရရှိကြသည်။

Amateur အဆင့်

ထို့အတူ Amateur အဆင့်၌ စိုးမိုးအောင်က စုစုပေါင်းရိုက်ချက် ၇၂ ချက်ဖြင့် ပထမ၊ ခင်မောင်ဝင်းက စုစုပေါင်းရိုက်ချက် ၇၂ ချက်ဖြင့် ဒုတိယ၊ သီဟအောင်က စုစုပေါင်းရိုက်ချက် ၇၃ ချက်ဖြင့် တတိယ၊ လင်းသဲက စုစုပေါင်းရိုက်ချက် ၇၃ ချက်ဖြင့် စတုတ္ထနှင့် သိန်းနိုင်စိုးက စုစုပေါင်းရိုက်ချက် ၇၃ ချက်ဖြင့် ပဉ္စမရရှိကြကြောင်း သိရသည်။ (သတင်းစဉ်)



၂၀၁၁ ခုနှစ် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန် Tour Gold Cup ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့၌ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်ကစားစဉ်။ (သတင်းစဉ်)

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ နေပြည်တော်အတွင်း ယာဉ်မောင်းသူများလိုက်နာရန်၊

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗိုုးတက်) မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသောယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) မော်တော်ဆိုင်ကယ်မဝင်ရ သတ်မှတ်ထားသောနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
(၁၁) မော်တော်ဆိုင်ကယ်စီးနင်းလျှင် ဦးထုပ်ဆောင်းရမည်၊ မေးသိုင်းကြိုးတပ်ရမည်၊ နှစ်ဦးထက်ပို၍ စီးနင်းခြင်းမပြုရ၊ အရှိန်ပြင်းမောင်းနှင်ခြင်းမပြုရ၊ ဟွန်းသံစုံတပ်ဆင်ခြင်းမပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား ဓာတ်ပုံမှတ်တမ်းရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(င) “သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်”

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ဦးသောင်းအားရည်စူး၍ (၆)လမ်း၊ လမ်းမတော်မြို့နယ်ရန်ကုန်မြို့နေ ဇနီး ဒေါ်ကြည်လှိုင်မိသားစုနှင့် ဝါးတန်းလမ်း လမ်းမတော်မြို့နယ်နေ သမီး ဒေါ်မြင့်မြင့်လေးမိသားစုတို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ သံဃာကုဋီ တစ်လုံးနှင့် သံဃာနှစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုနှစ်စုံတို့အတွက် အလှူငွေကျပ် သိန်း၂၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။ (သတင်းစဉ်)

❋ ကျောဖုံးမှ

ယင်းသို့ ရေသဘင်ပွဲဆင်နွှဲကြရာတွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်နှင့် ဒုတိယဝန်ကြီးများ ဖြစ်ကြသော နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့သည် နေပြည်တော် ကောင်စီဝင်များဖြစ်ကြသော ဦးသန်းငွေး၊ ဦးစောလှနှင့် ဒေါက်တာသန်းအောင် တို့နှင့်အတူ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ တုံဂပူရီဟိုတယ် ရေကစားမဏ္ဍပ်၊ ရွှေပြည်တော် ဟိုတယ် ရေကစားမဏ္ဍပ်နှင့် OASIS ဟိုတယ် ရေကစားမဏ္ဍပ်တို့ကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ရေပေးဝေမှုနှင့် နွေစပါးစိုက်ပျိုးထွန်ယက်နေမှုများ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၄

စစ်ကိုင်းမြို့နယ် ဆင်တပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် နွေစပါး လျာထားဧက ၁၀၀၀ အနက် ဧက ၇၈၀ စိုက်ပျိုးပြီးကြောင်းနှင့် မြင်းမူမြို့နယ် ပျော့ရွာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် လျာထားဧက ၇၅၀ အနက် ၄၁၃ ဧက စိုက်ပျိုးပြီးစီးကြောင်း၊ ဆက်လက်၍ လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ၏ ရေပေးဝေမှုများကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် ဧပြီ ၁၂ ရက် မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးစဉ် စစ်ကိုင်းမြို့နယ် ကျောက်ဆည်ကျေးရွာအုပ်စု သခွတ်တောအရှေ့ကွင်း တောင်သူ ဦးဝအောင်၏ နွေစပါးစံပြစိုက်ခင်းနှင့် မြင်းမူမြို့နယ် မူးဝရွာထောင်အုပ်စု သကြားဟင်းအိုးကွင်း၌ တောင်သူများက နွေစပါးစိုက်ပျိုးရန် ရေသွင်းထွန်ယက်နေမှုများကိုလည်း ကြည့်ရှုခဲ့သည်။

ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်ဝင်းတို့က ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၏ ရိပ်သာ၌ တိုင်းဒေသကြီး စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုအဖွဲ့များနှင့် တွေ့ဆုံခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၄-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ခန္ဓသုတ် မောရသုတ် + ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဒုသီလရဟန်းအကြောင်း ဥပမာပြ" တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၇၄)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၃၂)**
- ၈း၅၀ 2011 သင်္ကြန်အကျနေ့မြင်ကွင်း
- ၉း၀၅ ခါသင်္ကြန်အဆိုအကများ
- ၉း၁၅ မဟာသင်္ကြန်ပွဲတော်စည်းကမ်း ထိန်းသိမ်းရေးနှင့် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး
- ၉း၃၀ Movie Talk (မြန်မာသင်္ကြန် ရုပ်ရှင်ကားများသမိုင်း) (အပိုင်း-၁)
- ၁၀း၀၅ ဂန္ထဝင်တေးသံရှင်ဦးအံ့ကြီးနှင့် ဂါရဝပြုတွေ့ဆုံခြင်း (အပိုင်း-၂)
- ၁၀း၃၀ Bright နို့မှုန့်နှင့် Myar-e pHcare နှစ်သစ်ကူးသင်္ကြန်အကြို အထူးဈေးရောင်းပွဲ
- ၁၀း၄၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဝင်းဦး၏လက်ရာ) (အပိုင်း-၁)
- ၁၁း၁၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်သားညီနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ ခါသင်္ကြန်အဆိုအကများ
- ၁၂း၂၅ ခရမ်းမြို့မှ သာသနာ့အမွေ
- ၁၂း၄၅ MRTV-4 မြန်မာ့ရိုးရာသင်္ကြန်
- ၁း၀၀ "ကုသိုလ်ကောင်းမှုထပ်ခါပြု" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၇၄)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၃၂)**
- ၅း၀၅ ခါသင်္ကြန်အဆိုအကများ
- ၅း၂၅ ဂီတသရုပ်ပြခန်း (ချယ်ရီဦးသင်္ကြန်)
- ၅း၄၅ နှစ်ဟောင်းမှသည်နှစ်သစ်ဆီသို့
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ 2011 သင်္ကြန်အကြတ်နေ့မြင်ကွင်း
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၇၅)**
- ၇း၂၅ The Champion of Dance
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ခါသင်္ကြန်အဆိုအကများ
- ၈း၄၅ MRTV-4 ကျန်းမာရေးကဏ္ဍ (သင်္ကြန်အတွင်းဖြစ်ပွားတတ်သော အရေပြားရောဂါများအကြောင်း)
- ၉း၀၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၃၃)**
- ၁၀း၂၀ ရန်အောင်သင်္ကြန်
- ၁၀း၅၅ VJ Choice
- ၁၁း၂၀ သင်္ကြန်ဟုခေါ်ပါသည် (သရုပ်ဆောင်များ) (ဒါရိုက်တာ-မင်းမျိုး)
- ၁၂း၀၀ Science For All (လေအေးစက်များကိုအကျိုးရှိအောင်တပ်ဆင်သုံးစွဲနည်း) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၁၂း၂၅ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
- ၁၂း၄၀ World of Knowledge (The Megafalls of Iguacu)
- ၁း၃၀ ဘဝအမောပြေပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့
- ၁း၅၀ Movie Mistakes (Spider Man)
- ၂း၁၅ Mega Star Talk (ဇော်ဝင်းထွဋ်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၂း၃၅ Let's Dance (The Uranium Dance Studio)
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ဘယ်သူ့ကိုအချစ်ဆုံးလဲ (တေဇ၊ ခိုင်ပွင့်၊ မင်းသူ၊ ထွန်းထွန်းအောင်၊ ချမ်းသာ) [ဒါရိုက်တာ-သုတ(မော်ကွန်း)]
- ၄း၁၅ ပတ္တမြားမြေသို့အလည်တစ်ခေါက်
- ၄း၃၅ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ
- ၄း၄၅ PEACE OF MIND (စိတ်ငြိမ်းအေးသော) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❖ မဟာသင်္ကြန်မှ

ရန်ကုန်မြို့ မဟာသင်္ကြန်အကျနေ့၌ ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိရာ ကမ္ဘာအေးစေတီလမ်း၌ နှစ်ကူးအပျော်၊ အလုံမြို့နယ်၌ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးမိသားစု၊ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်း၌ ရွှေသပြေမိသားစု၊ လှိုင်မြို့နယ် ပြည်လမ်း၌ Paradise မိသားစု၊ ဒေါပုံမြို့နယ် ယမုံနာလမ်း၌ အနာဂတ်ကြယ်ပွင့်များနှင့် ဝါဆိုမိသားစု၊ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်း၌ စိုးစံမိသားစု၊ တာမွေမြို့နယ် မေတ္တာမွန်အိမ်ရာရှေ့၌ အိုအေစစ်၊ ကျိုက္ကဆံလမ်း၌ ရွှေကိန္နရီနှင့် အင်းစိန်မြို့နယ် လမ်းသစ်လမ်း၌ ရွှေရည်နံ့သာ ရေကစားမဏ္ဍပ်များရှိပြီး ပြည်သူများ ပျော်ရွှင်စွာဖြင့် အတာရေသဘင်ပွဲကို ဆက်လက်ဆင်နွှဲကြသည်။

ထို့အတူ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ သင်္ကြန်ရွှေမင်းသမီး၊ ယဉ်ပျိုမဒီ၊ အလက(၁) မရမ်းကုန်း၊ လူမှုဝန်ထမ်း မူကြိုဆရာမများ၊ တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့၊ ဦးအောင်ကျော်ဦးနှင့်အဖွဲ့၊ သင်္ကြန်မောင်မယ်၊ ပန်းသဇင်၊ ရခိုင်သင်္ကြန် ရခိုင်ရိုးရာယိမ်း၊ လှိုင်အမှတ်(၁)နှင့်(၃) ကရင်ဒိုးယိမ်း၊ ပန်းသဇင်ယိမ်း အဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေကြသကဲ့သို့ ညပိုင်းတွင်လည်း မြို့တော်မင်္ဂလာဆိုင်းအဖွဲ့နှင့် တွဲဖက်ကာ မင်းသမီး စိုးနန္ဒာဝင်း၊ ရှေ့ထွက်မင်းသမီး ဝါဝါလှိုင်နှင့် လူရွှင်တော်များဖြစ်ကြသော ရာဇာပေါက်စီ၊ ရွှင်ပျော်၊ ဥသြနှင့် ပိစိတို့က အငြိမ့်ဖြင့် ဖျော်ဖြေကြသည်။

အလားတူ လသာမြို့နယ်ရှိ ရွှေသံလွင်ကုမ္ပဏီ Sky Net နှင့် Shwe FM Radio မိသားစု ရေသဘင်မဏ္ဍပ်၌ ကောင်တာပွိုင့်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ မိုးမင်းနှင့်အဖွဲ့၊ အိစံ၊ ငဲငယ်၊ ရွှေရည်လှိုင်၊ Bambino, Blue Berry၊ မို့မို့ဇော်ဝင်း၊ တက္ကသိုလ်ဂွမ်းပုံ၊ ခွန်းဆင့်နေခြည်၊ကျော်ဇင်မင်းနှင့် ကျော်သီဟတို့က ရေသဘင်ပွဲလာ ပြည်သူများအား တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ထို့အတူ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီ မိသားစု ရေသဘင်မဏ္ဍပ်၌ မယ်လိုဒီဝါးလ် တေးဂီတအဖွဲ့နှင့် တွဲဖက်ကာ တေးသံရှင်များက ဖျော်ဖြေကြသည်။ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်း ဈေးရှေ့ရှိ ဖူးရှင်းဘရားသားကုမ္ပဏီ ရေသဘင်မဏ္ဍပ်၌ Lazy Club တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များဖြစ်ကြသော တူးတူး၊ ဟယ်ရီလင်း၊ ပူစူး၊ ကိုကိုမောင်၊ ဆုန်သင်းပါရ်၊ သျှားအိဘိုဘိုဟန်၊ ခိုင်ရွှေဝါနှင့် ဋ္ဌေးသည်အဆိုတော်များက တေးသံသာများဖြင့် ဖျော်ဖြေကြပြီး Model နှင့် Dancer များကလည်း အကများဖြင့် သင်္ကြန်ချစ်သူပြည်သူများအား ဖျော်ဖြေကြသည်။

ရေသဘင်မဏ္ဍပ်ကြီးများ၌ တေးသံသာများနှင့်အတူ ပျော်ရွှင်စွာ ရေပက်ကစားကြသူများ၊ ရေပက်ခံကားများဖြင့် လှည့်လည်ရေပက်ခံကြသူများ များပြားသကဲ့သို့ မိသားစုအလိုက် မိမိတို့ အိမ်ရှေ့တွင် ပျော်ရွှင်စွာ ရေပက်ကစားကြသူများ၊ တစ်ကိုယ်တော်နှင့် အုပ်စုအလိုက် လမ်းလျှောက်ကာ ရေပက်ကစားကြသူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

မဟာသင်္ကြန်အကျနေ့က ကန်တော်ကြီး ကန်ပတ်လမ်းတွင် ရေကစားကြသူများ၊ ရေပက်ခံသူများ တပျော်တပါး ရေကစားလျက်ရှိစဉ်။ (သတင်းစဉ်)

မြစိမ်းရောင်ဆရာတော် အရှင်ဇာနေယျ တာမွေမြို့နယ် ဘိုးလိမ်းအောင်မင်္ဂလာရပ်ကွက်လုံးဆိုင်ရာ လူငယ်ဆွမ်းလောင်းအသင်းအောင်ပွဲ ဓမ္မသဘင်တွင် ဓမ္မပူဇာရရှိ ငွေကျပ် ၁၂၆၃၈၀၀ ကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရနဝကမ္မငွေပဒေသာပင်အဖြစ် လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

ဂန္ထဝင် စင်တင်တေးဂီတဖျော်ဖြေပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၄

မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ပံ့ပိုးမှုဖြင့် ခရမ်းမြို့နယ် ဂီတအစည်းအရုံးက ကျင်းပသော ဂန္ထဝင်စင်တင်တေးဂီတ ဖျော်ဖြေပွဲကို ဧပြီ ၉ ရက် ညနေပိုင်းတွင် ခရမ်းမြို့နယ် အားကစားခန်းမကြီး၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဗဟိုမှ ရုံးအဖွဲ့မှူး ဦးမျိုးတင်နှင့် မြို့နယ် ဂီတအစည်းအရုံး ပြန်ကြားရေးမှူး ဦးဇော်အောင်တို့က အမှာစကား ပြောကြားကြသည်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် အပင်များ၌ ကူးစက်ရောဂါ ပိုမိုဖြစ်ပွားနိုင်

ဟာရိုဂိတ် (အင်္ဂလန်) ဧပြီ ၁၄

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် အပင်များ၌ ကူးစက်ရောဂါ ပိုမိုဖြစ်ပွားလာနိုင်ဖွယ်ရှိကြောင်း ဗြိတိသျှသိပ္ပံပညာရှင်တစ်ဦးက ဧပြီ ၁၂ ရက်တွင် သတိပေးလိုက်သည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာချိန်၌ ကောက်ပဲသီးနှံဆိုင်ရာ အပင်ငယ်များ၏ ဇီဝမျိုးစုံလင်မှုကို ထိန်းသိမ်းနိုင်မှသာလျှင် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုအတွက် အာမခံနိုင်မည်ဖြစ်ကြောင်း အင်္ဂလန်နိုင်ငံ ဟာရိုဂိတ်မြို့၌ ကျင်းပသော အဏုဇီဝဗေဒ သိပ္ပံပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် ဗြိတိသျှသိပ္ပံပညာရှင် ဒေါက်တာအက်ဒရီယန် နယူတန်က ပြောကြားသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ကာလအတွင်း ပိုးမွှားနှင့် အပင်ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများကို တိုးတက်အောင် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းကြောင့် စားနပ်ရိက္ခာထုတ်လုပ်မှု နှစ်ဆမြင့်မားလာခဲ့ကြောင်း၊ သို့ရာတွင် ကမ္ဘာတစ်ဝန်း ကောက်ပဲသီးနှံထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသည် အပင်ဆိုင်ရာ ရောဂါဘယများကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၂၀ ဘီလီယံဖိုးခန့်အထိ ပျက်စီးဆုံးရှုံးရကြောင်း နယူတန်ကပြောကြားသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် အဏုဇီဝပိုးမွှားများအပေါ် အကျိုးသက်ရောက်မှုရှိပြီး အပင်ဆိုင်ရာရောဂါဘယများကို ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း ဂျုံစိုက်ခင်းများ၌ မှိုရောဂါတစ်မျိုးဖြစ်သော Fusariumhead Blight (FHB) ရောဂါ ပြန်လည်ပေါ်ပေါက်လာသည်ကို လေ့လာတွေ့ရှိရသည်။

အင်တာနက် စိုက်ပျိုးရေးသိပ္ပံသတင်း | ဘာသာပြန်-သတင်းလုလင်

ဗြိတိသျှ စိုက်ပျိုးရေးသုတေသီတစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မိုးရွာသွန်းမှု၊ စိုထိုင်းဆနှင့် အပူချိန်တို့တွင် အပြောင်းအလဲများဖြစ်ပေါ်လာခြင်းသည် FHB ရောဂါကိုဖြစ်ပေါ်စေသော အကြောင်းတရားဖြစ်သည်။ အပင်များအပေါ် ကျရောက်တတ်သော အဏုဇီဝပိုးမွှားများ၏ သဘောသဘာဝမှာ အလွန်ပင်ရှုပ်ထွေးသဖြင့် နားလည်ရခက်သော အကြောင်းတရားများရှိကြောင်း၊ အကျိုးပြုနိုင်သော အဏုဇီဝပိုးမွှားများရှိသကဲ့သို့ အပင်နှင့်လူသားတို့ကို ရောဂါဘယဖြစ်ပေါ်စေနိုင်သည့် အဏုဇီဝပိုးမွှားများလည်းရှိကြောင်း ဂျိမ်းစ်ဟတ်တန် ကောက်ပဲသီးနှံသုတေသနသိပ္ပံမှ ဒေါက်တာနယူတန်က ပြောကြားသည်။ **အင်တာနက်။**

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်အဖွဲ့ဝင်များ မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲ ပါဝင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၄

မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့ ယနေ့တွင် သင်္ကြန်ချစ်သူပြည်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် အစဉ်အလာကောင်းများကို ထိန်းသိမ်းရင်း မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အလှကို ဖော်ကျူးလျက် ယဉ်ကျေးသိမ်မွေ့ ချမ်းမြေ့ပျော်ရွှင်စွာ ရေကစားကြရာ မန္တလေးမြို့ ကျုံးတော်ကြီးပတ်ပတ်လည် လမ်းတစ်လျှောက်တို့၌ တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်။

သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး ဒေါ်မြတ်ငွေတို့သည် မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူ မဟာသင်္ကြန်မဏ္ဍပ်၊ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ Alpine သင်္ကြန်ရေကစားမဏ္ဍပ်၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ သင်္ကြန်မဏ္ဍပ်များသို့ လှည့်လည်သွားရောက်ကာ အဆိုပါသင်္ကြန်မဏ္ဍပ်တို့၌ တေးဂီတအဖွဲ့များနှင့်တွဲဖက်၍ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်များ၊ အဆိုတော်များ၊ သင်္ကြန်လှပျိုဖြူများ၏ အဆို၊ အတီး၊ အကများဖြင့် ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြပြီး ဧည့်သည်တော်များ၊ တက်ရောက်လာကြသူများအား အတာရေပက်ဖျန်းပေးကာ မဟာသင်္ကြန်ပွဲတော်တွင် ချမ်းမြေ့ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

သင်္ကြန်အကျနေ့ ညနေပိုင်းတွင်လည်း ကျုံးပတ်ပတ်လည်ရှိ ရေကစားမဏ္ဍပ်များ၌ တေးဂီတဝိုင်းများနှင့်တွဲဖက်၍ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များနှင့် သင်္ကြန်အကအဖွဲ့များက သင်္ကြန်အဆိုအကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေကြရာ ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ သင်္ကြန်အကျနေ့ ညပိုင်းတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်က သင်္ကြန်အလှပြယာဉ်များကို စိစစ်အကဲဖြတ်လျက်ရှိပြီး အနုပညာရှင်များ၊ သင်္ကြန်လှပျိုဖြူများက တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အဆို၊ အတီး၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

သင်္ကြန်အကျနေ့က မန္တလေးမြို့ရှိ ရေကစားမဏ္ဍပ်များ၌ အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် မဟာသင်္ကြန်အကျနေ့ အတာရေချမ်းဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ အပြန်အလှန် ဖျန်းပက်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၄

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဇနီး ဒေါ်နုနုဖုံတို့သည် ပြည်နယ်ဝန်ကြီးများ လိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မဟာသင်္ကြန် ရေကစားမဏ္ဍပ်နှင့် ကျန်းမာရေး၊ ပညာရေး၊ မွေး/ရေ မဟာသင်္ကြန် ရေကစားမဏ္ဍပ်တို့သို့ သွားရောက်၍ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ဧည့်ခံဖျော်ဖြေမှု၊ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အတာရေသဘင် ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြပြီး သင်္ကြန်ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကာ သင်္ကြန်ယိမ်းအကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား အတာရေချမ်းတို့ဖြင့် အပြန်အလှန် ဖျန်းပက်လျက် မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် သင်္ကြန်ယိမ်းအကအဖွဲ့ဝင်များအား အတာရေချမ်းဖြင့် ဖျန်းပက်စဉ်။ (သတင်းစဉ်)

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်လုံးနှင့် နားများအား ထိုးမိပါက မျက်လုံးနှင့် နားကန်းနိုင်ခြင်း စသည့် အန္တရာယ်များဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်သည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်းသာရေပက်ကစားရန်နှင့် ညနေ ၆ နာရီ နောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်သည်။

၃။ တားမြစ်ချက်ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

ကျန်းမာရေးရာသိမှတ်စရာ ကျန်းမာရေးရာသိမှတ်စရာ

ခေါင်းတစ်ခြမ်းကိုက်ရောဂါ (MIGRAINE)

အရပ်ထဲ၌ မီးယပ်ခေါင်းကိုက်ဟုလည်း ခေါ်တတ်ကြ၏။ မိုင်ဂရိန်းခေါ် ခေါင်းတစ်ခြမ်းကိုက်ခြင်းမှာကား ချာချာလည်အောင်ကိုက်လိမ့်မည်။ နာကျင်မှုအပြင် ပျို့ခြင်းနှင့် အန်ခြင်းတို့လည်း အတူပါလာတတ်သည်။

မိုင်ဂရိန်းမဖြစ်မီ မိနစ် ၂၀ ခန့်အလို၌ အလင်းရောင်များကို လက်ခနဲမြင်ရမည်။ အမည်းစက်များပေါ်သည့်နေရာပေါ်မည်။ မူးဝေခြင်း၊ ကိုယ်တစ်ခြမ်းထုံခြင်းကိုလည်း ခံစားရလိမ့်မည်။ ထိုအချိန်၌ ရေငတ်သလိုလည်း ဖြစ်မည်။ အချို့စားချင်စိတ်မျိုးလည်းပေါ်နိုင်သည်။ သို့မဟုတ် ငိုက်မြည်းခြင်းနှင့် စိတ်ကျခြင်းတို့လည်း ဖြစ်နိုင်သည်။ အလင်းရောင်နှင့် အသံတို့ကို မခံနိုင်အောင်လည်းဖြစ်နိုင်သည်။

ဤရောဂါမှာ မျိုးရိုးလိုက်၍လည်းဖြစ်နိုင်သည်။ အမျိုးသမီးများက အမျိုးသားများထက် နှစ်ဆပို၍ အဖြစ်များသည်။ ရောဂါခံစားရသူတို့၌ အပျိုဘော်ဝင်စအချိန်ခန့်တွင် စတင်ဖြစ်ပွား၍ အသက်(၄၅)နှစ်အရွယ်ခန့်သို့ရောက်မှ ရောဂါမှေးမှိန်သွားသည်။ ထို့ပြင် အစားအသောက်တစ်မျိုးမျိုးကြောင့်ဖြစ်စေ၊ စိတ်ဖိစီးမှုကြောင့်ဖြစ်စေ၊ အလင်းရောင်ကြောင့် ဖြစ်စေ သို့မဟုတ် ရေမွှေးစသည့် အနံ့အသက်ကြောင့်ပင်ဖြစ်စေ ဖြစ်နိုင်သည်။

အိမ်တွင်းသမားတော်

ခေါင်းကိုက် လူနာသက်သာရန်မှာ အောက်ပါနည်းလမ်းများ ရှိသည်-

ခဏတဖြုတ်မှေးစက်ပြီး ခေါင်းကိုက်တတ်သူဖြစ်လျှင် ကြက်အိပ်ကြက်နိုး မှေးမည့်အစား အချိန်မှန်အိပ်စက်နိုင်ဖို့ လေ့ကျင့်ပါ။ မိုင်ဂရိန်း ဦးခေါင်းကိုက်ဝေဒနာရှင်များသည် အချို့နှင့်မတည့်ပေ။ ခန္ဓာကိုယ်တွင် ဖိစီးမှုရှိသည်ဆိုလျှင် မိုင်ဂရိန်းမဖြစ်အောင် အနားယူဖို့ အခွင့်သာသည့်အခါ တဖြည်းဖြည်းနှင့် အရှိန်လျှော့၍ အနားယူပါ။ လေ့ကျင့်ခန်းဖြစ်ဖြစ်၊ တေးဂီတ နားထောင်ခြင်းဖြစ်ဖြစ် လုပ်ရန်လိုသည်။ မဂ္ဂနီစီယံဓာတ်ရရှိနိုင်သည့် အစားအစာများဖြစ်သည့် အစိမ်းရင့်ရောင်ရှိပြီး အရွက်ဖားသော အပင်များနှင့် ထိုအပင်မှ အသီးများ၊ အစေ့အဆန်များကိုစားပါ။ ခေါင်းတစ်ခြမ်းကိုက်တတ်သော မိုင်ဂရိန်းဝေဒနာရှင်များသည် ကိုယ်နှင့်တည့်သော အစာ၊ မတည့်သောအစာများကို သတိထား၍ ရွေးချယ်စားသင့်သည်။ အက်စပရင်ဆေးသည် နှလုံးထိခိုက်မှုအန္တရာယ်ကို လျော့ပါးစေနိုင်သောကြောင့် နေ့တိုင်းအက်စပရင် မှန်မှန်စားရုံဖြင့် ခေါင်းကိုက်ရောဂါကို ကာကွယ်ရာရောက်ကြောင်း တွေ့ရသည်။ အက်စပရင်ကို မှန်မှန်မှီဝဲမည်ဆိုလျှင် ဆရာဝန်နှင့် တိုင်ပင်ပြီးမှ မှီဝဲသင့်သည်။ ကလေးများအား မတိုက်ကျွေးသင့်ပါ။

ခေါင်းကိုက်စ သုံးမိနစ်အလို၌ အဝတ်ထုပ်ဖြင့် ဦးခေါင်းပေါ်သို့ ရေခဲတင်လျှင်လည်း ကိုက်ခဲမှုပျောက်ကင်းရန် ၅၀ ရာခိုင်နှုန်းရှိသည်။ ရေခဲသည် သွေးကြောများကို ကျုံ့ပြီး ပုံမှန်ဖြစ်စေသောကြောင့် ဖြစ်သည်။လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် အချို့သူများအတွက် ခေါင်းတစ်ခြမ်းကိုက်ရောဂါကို ဖြစ်စေသော စိတ်ဖိအားကို လျော့ပါးစေနိုင်ကြောင်း တွေ့ရသည်ဆို၏။ နှလုံးသွေးကြော သန်မာလေလေ မိုင်ဂရိန်းကိုက်ခဲမှု လျော့ပါးလေလေ ဖြစ်သည်ဟုဆို၏။ သို့သော် ခေါင်းကိုက်ရောဂါခံစားနေရစဉ်အတွင်း ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း မပြုလုပ်ပါနှင့်။

ကျွမ်းကျင်သူများက ရောဂါရှင်သည် ကိုယ်တိုင်အနားယူစခန်းသို့ ရောက်သွားသည်ဖြစ်စေ၊ ထိုစခန်းမျိုးရှိရာ ပင်လယ်ကမ်းစပ်သို့ ရောက်ရှိသွားသည်ဟူသော အတွေးမျိုးကိုရသည်ဖြစ်စေ ဤစိတ်အေးချမ်းမှုမျိုးက ခေါင်းကိုက်ရောဂါ မဖြစ်စေရန် ကာကွယ်နိုင်သည်ဟု ဆိုသည်။ ထို့ကြောင့် ထိုစိတ်ထားမျိုးပေါ်ပေါက်စေရန် ဂီတနားထောင်ခြင်း၊ စာဖတ်ခြင်း သို့မဟုတ် ယောဂလေ့ကျင့်ခြင်းတို့ကို ပြုလုပ်သင့်သည်။ **[မောင်ဆုရှင်]**

သက်ကြီးရွယ်အိုများ ဈေးဝယ်ထွက်ခြင်းဖြင့် အသက်ပို၍ ရှည်စေနိုင်

ဈေးဝယ်ထွက်ခြင်းသည် အသက်ကိုရှည်စေကြောင်း၊ ယင်းဖြစ်စဉ်များကို တရုတ်(တိုင်ပေ)ရှိ အသက် (၆၅)နှစ်ကျော်များ၌ တွေ့ရကြောင်း သုတေသီများက ပြောသည်။ အဆိုပါသုတေသီများက စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ နာမကျန်းမှုကဲ့သို့သော အကြောင်းတရားများကို ထည့်သွင်းစဉ်းစားလင့်ကစား နေ့စဉ် ဈေးဝယ်ထွက်သူ အမျိုးသား၊ အမျိုးသမီးများမှာ ဈေးဝယ်ထွက်ခြင်းမရှိဘဲ နေအိမ်တွင် သက်သောင့်သက်သာဖြင့် အချိန်ဖြုန်းနေသော အမျိုးသား၊ အမျိုးသမီးများထက် ပို၍ အသက်ရှည်သည်ကို လေ့လာတွေ့ရှိရကြောင်း ဆိုသည်။

ဈေးဝယ်ထွက်ခြင်းကြောင့် အပေါင်းအသင်းမိတ်ဆွေရခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများလုပ်ပြီးသားဖြစ်ခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်မှုပုံစံတစ်ရပ် ရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရကြောင်း အဆိုပါသုတေသီများက Journal of Epiderriology Community Health စာစောင်တွင် ရေးသားထားသည်။

ယူကေမှ ဝါရင့်သုတေသီတစ်ဦးက ဖော်ပြပါလေ့လာတွေ့ရှိချက်များမှာ ယုတ္တိတန်ပြီး သဘာဝကျကြောင်း၊ အကြောင်းမှာ ဈေးဝယ်ထွက်ခြင်းသည် ကိုယ်လက်လှုပ်ရှားမှုနှင့် ဆက်နွှယ်သည့်အပြင် လူများစွာနှင့် ထိတွေ့ဆက်ဆံပြောဆိုရခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ နိုးကြားတက်ကြွမှုရခြင်းတို့ကြောင့်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

ဖော်ပြပါ လေ့လာဆန်းစစ်မှုကို ဦးဆောင်ဦးရွက်ပြုခဲ့သူ တရုတ်(တိုင်ပေ) ပြည်သူ့ကျန်းမာရေးသိပ္ပံမှ ဒေါက်တာယူအွန်ချောင်က ၎င်းတို့အဖွဲ့သည် ထိုလေ့လာဆန်းစစ်မှုအတွက် အသက်(၆၅)နှစ်နှင့်အထက်ရှိသူ သက်ကြီးရွယ်အို အမျိုးသား၊ အမျိုးသမီး ၂၀၀၀ ခန့်ကို လေ့လာခဲ့ကြသည်ဟုဆိုသည်။ **[ဝရဇိန်]**

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း လူငယ်အဖွဲ့ နှစ်သစ်အကြို လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၄

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း လူငယ်အဖွဲ့က နှစ်သစ်အကြိုလှူဒါန်းပွဲကို ဧပြီ ၁၂ ရက် နံနက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အမှတ်(၆၅) ရှိ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးစိုးလွင်က ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်နှင်းဝေက နှစ်သစ်အကြို လူငယ်အဖွဲ့က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းကျောင်းအတွက် ငွေပဒေသာပင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများ၊ အဝတ်အထည်၊ မုန့်တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ဦးစိုးလွင်က လက်ခံရယူသည်။ ဆက်လက်၍ ကျွေးမွေးလှူဒါန်းကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ကိုဒူကွဲရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ဝန်ကြီး ဦးမြင့်လှိုင် စစ်ဆေး

ရန်ကုန် ဧပြီ ၁၄

ကိုဒူကွဲရေလှောင်တမံသည် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို တိုက်ရိုက်အကျိုးပြုသည့်အတွက် သတ်မှတ်ကာလအတွင်း စီမံကိန်းလုပ်ငန်းများ ပြီးစီးရေး၊ ရေဝေရေလဲ ဒေသအတွင်း သစ်တောသစ်ပင်များနှင့် သားရဲတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို သတိပြုဆောင်ရွက်ရန် ဧပြီ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ကိုဒူကွဲရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင်က တာဝန်ရှိသူများအား မှာကြားသည်။

ပဲခူးမြို့နယ် ကိုဒူကွဲချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ကိုဒူကွဲ ရေလှောင်တမံစီမံကိန်းလုပ်ငန်းများမှာ ရာခိုင်နှုန်း ၄၀ ကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင် ကိုဒူကွဲ ရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၅ နာရီတွင် အဆိုပါ ရေကစားမဏ္ဍပ်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကအဖွဲ့ဝင်များနှင့် သင်္ကြန်ချစ်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး ရုပ်ရှင်နှင့် ဗီဒီယို သရုပ်ဆောင် သူထူးစံနှင့်အဖွဲ့က ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)က ကြီးမှူးပြီး အိန္ဒိယနိုင်ငံ မီဒန်ဆေးရုံကြီးမှ ဆရာဝန်များနှင့် ပူးပေါင်း၍ ဆေးပညာစဉ်ဆက်မပြတ်တိုးတက်ရေး ရည်သန်လျက် ဆေးပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ဧပြီ ၂၃ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်သည်။ ယင်းဆွေးနွေးမည့် ဘာသာရပ်များမှာ Frontiers in Cardiology and Cardiac Surgery, Advances in Liver Surgery and Transplantation နှင့် Minimally Invasive Urology and Kidney Transplantation: What's new? တို့ဖြစ်ပါ၍ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗိုလ်အောင်ကျော်လမ်းပေါ်ရှိ သျှိုင်းရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေပက်ကစားနေကြသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

သင်္ကြန်အကျနေ့က အနော်ရထာလမ်းပေါ်ရှိ ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးနှင့် ဆောက်လုပ်ရေးမိသားစု၏ ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။ (ကြေးမုံ)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

နှံ့သာသင်္ကြန် ပန်းသင်္ကြန်

* ရွှေရည်မြဖူး၊ လတန်ခူးတည့်
လုထူးထိန်လျှံ၊ နွေဂိမှာန်တွင်
ချိန်မှန်ရောက်လာ၊ ပိတောက်ဝါတို့
ဝေဆာသစ်လန်း၊ တစ်နှစ်ဆန်းပြီ
စစ်တမ်းတွက်ဆ၊ နှစ်ရက်လတွေ
ဆက်ကြခရီး၊ လောကကြီးတွင်
ကောင်းချီးမင်္ဂလာ၊ သီတာသဘင်
ပြည်ရွာခွင်၌၊ သာလွင်တေးစ
ယဉ်ကျေးနှစ္စာ၊ မုဒြာယိမ်းနွဲ့၊ ပျိုဖြူလဲ့တို့
မူသွဲ့ကခုန်၊ မြန်မာ့ဂုဏ်အင်
လှစုံဆင်မြန်း၊ ရေစင်နန်းမှာ
ရွှင်လန်းဖျန်းပက်၊ ပျော်ခန်းဆက်ခဲ့
ပန်းခက်သပြေ၊ လန်းလျက်ဝေလို့
ပက်လေနံ့သာ၊ သင်္ကြန်ခါတည်း။

* မြန်မာ့ရိုးရာ၊ မညှိုးပါတည့်
မျိုးဇာတိဂုဏ်၊ ဘိုးဘွားစုံလင်
ထုံလွှင်သင်းအေး၊ နံ့သာမွှေးဖြင့်
ခေါင်းဆေးရေချိုး၊ ကုသိုလ်တိုးပြီး
အိုးစည်ဒိုးပတ်၊ ကျောင်းဇရပ်ဝယ်
ကောင်းမြတ်ဒါန၊ ဇီဝိတတွက်
လွှတ်ကြသတ္တဝါ၊ ဘေးမဲ့ရာတည်း။

* ဉာဏ်ညွှတ်ဝေးခြွေ၊ ပိတောက်ဝေပြီ
ရေသီတာဖျန်း၊ တစ်နှစ်ဆန်းပြန်
စစ်တမ်းတွက်ဆ၊ နေ့ရက်လတွေ
ဆက်ကြမနီး၊ ရှေ့ခရီးတွက်
ဖြည့်ဆည်းဘာဝနာ၊ တရားရှာကြ
ကဗျာတစ်ပုဒ်၊ ပန်းတစ်ဆုပ်နှယ်
လွှမ်းအုပ်မွှေးစေ၊ ဘယာသွေဖို့
ဆုခြွေပန်လွှာ၊ သင်္ကြန်အတာ။ ။

ပျဉ်းမနားမြင့်လှိုင်

မဟာဗန္ဓုလလမ်းမပေါ်ရှိ ပိတောက်ရိပ်မိသားစု ရေကစားမဏ္ဍပ်၌ ရေကစားနေကြသည်ကို ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့)က တွေ့ရစဉ်။ (ကြေးမုံ)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

နှစ်သစ်ဦး သည်ချိန်ခါ

❁ သည်လ သည်ပန်း၊
အဆန်းတကြယ်၊ လွမ်းစဖွယ်တည့်
ယုယ်နွှယ်သိုင်းခြုံ၊ အလှဂုဏ်နှင့်
မွှေးထုံကြိုင်သင်း ရိုးမအီ။

❁ လင်းစ တစ်ဖုံ၊
မှိုင်းအုံတစ်ပျံ၊ သည်လရာသီ
သည်ပြည်သည်မြို့၊ သည်သို့သည်ရွာ
သာယာချမ်းမြေ့ နှစ်သစ်ဦး။

❁ နှစ်သစ်ဦးမှာ၊
ဒါနကိုပြု၊ သီလမှုနှင့်
ပေါင်းစုနားခို၊ မြတ်ကုသိုလ်နှင့်
နှစ်လိုဖွယ်ရာ လှရိပ်ထင်။

❁ နှစ်သစ်ဦးဝယ်၊
ကြည်နူးဖွယ်ရာ၊ တေးသံသာနှင့်
ရွှေဝါပိတောက်၊ ကြိုင်လှောက်ထုံသင်း
ရင်းနှီးဝင့်မော်၊ သင်္ကြန်ပျော်တို့
ချစ်ဖော်ရိပ်သန်း၊ လက်ကိုကမ်းရင်း
ငြိမ်းချမ်းစေကြောင်း တာရေလောင်း။
မြန်မာ့နှစ်ဦး နိမိတ်ကောင်း။

❁ အပြုံးကိုယ်စီ၊
ရေကြည်ပက်ဖျန်း၊ တာရေလမ်းဝယ်
ပန်းပိတောက်ပန်၊ ငြိမ်းချမ်းဟန်နှင့်
အားမာန်သစ်ပျိုး၊ စိတ်ဓာတ်မျိုးနှင့်
ရိုးရာမပျက်၊ ကမ်းဆင့်လက်နှင့်
နှစ်သက်မြတ်နိုး နိမိတ်ဆောင်။
နှစ်သစ်ဦးကို ချစ်ဖွဲ့နှောင်။ ။

သောင်းကိုကို

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၁၄

ပဲခူးတိုင်းဒေသကြီး ၂၀၁၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၁၁ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက အမှာစကားပြောကြားပြီး ၂၀၁၀ ခုနှစ် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ထူးချွန်ဆုရ ဝေါ၊ ကဝနှင့် ညောင်လေးပင် မြို့နယ်များအား ဆုများ ချီးမြှင့်သည်။

ဝန်ကြီးချုပ်သည် ဧပြီ ၁၃ ရက် ညနေ ၄ နာရီတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားပွဲတော်ကို ဖွင့်လှစ်ပေးပြီး ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲသို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဗဟိုမဏ္ဍပ်တွင် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များနှင့် မြန်မာနိုင်ငံဂီတ၊ ရုပ်ရှင်အစည်းအရုံးဝင်များက "မြူမှောင်ဝေကင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့်ဇနီးတို့က တက်ရောက်လာကြသော ဧည့်သည်များအား အတာရေစင် ပက်ဖျန်းပေးကာ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆက်သွယ်ရေး ရေကစားမဏ္ဍပ်ဖွင့်ပွဲသို့တက်ရောက်၍ ရေကစားမဏ္ဍပ်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကျနေ့က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းပေါ်၌ အမှတ်(၈)ရပ်ကွက် ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေကြသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၄

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဧည့်ခံဖျော်ဖြေ

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူနှင့် ပြည်နယ်အတွင်းရေးမှူး ဦးခင်မောင်သန်းတို့က မဟာသင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ပေးကြပြီး သင်္ကြန်ယိမ်းအဖွဲ့များက "မန်းတောင်ရိပ်ခို (မြနန္ဒာ)" တေးသီချင်းကို စုပေါင်းသီဆိုကြကာ ယိမ်းအကဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ယိမ်းအဖွဲ့များအား အတာရေပက်ဖျန်းကြပြီး ရွှေနေကြာမဏ္ဍပ်၊ ငြိမ်းချမ်းရေးမဏ္ဍပ်၊ အိပ်မက်သင်္ကြန်မဏ္ဍပ်နှင့် ပိတောက်ချယ်ရီမဏ္ဍပ်တို့သို့ လှည့်လည်ကြည့်ရှု အားပေးကြသည်။

(သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင် ပညာဂုဏ်ရောင် အလင်းဆောင်

စာကြည့်တိုက် အဆောက်အအုံသစ် ပုလော၌ဖွင့်

ပုလော ဧပြီ ၁၄

မြိတ်ခရိုင် ပုလောမြို့နယ် တောင်ယာကမ်း ကျေးရွာအုပ်စု စစ်ပြင်ကြီးကျေးရွာ အလင်းသစ်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မတ် ၂၇ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းအောင်၊ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံမြင့်နှင့် စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးချစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍အလင်းသစ်စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ၊ အလှူငွေများနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ်၊ စာစောင် ၁၂၄ အုပ်၊ ဌာနဆိုင်ရာများမှ စာအုပ်၊ စာစောင် ၂၀၅ အုပ်၊ အလှူရှင် ခြောက်ဦးက စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀ နှင့် ရုပ်မြင်သံကြားစက် တစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက် ပင်မအဆောက်အအုံမှာ အလျား ၂၈ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေ ရှိကာ စကြံ ၅ ပေနှင့် သွပ်မိုး၊ အုတ်ကာ(အာစီတိုင်) ကွန်ကရစ်ခင်းဖြစ်ပြီး နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာလူထု၏ စုပေါင်းလှူဒါန်းမှုဖြင့် ငွေကျပ် ၃၈ သိန်းခန့် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကောင်း၌ ခိုင်မြဲသမဝါယမ စာကြည့်တိုက် ဖွင့်လှစ်

မိုးကောင်း ဧပြီ ၁၄

ကချင်ပြည်နယ် မိုးကောင်းမြို့ နတ်ကြီးကုန်းရပ်ကွက် ခိုင်မြဲရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၁၇ ရက် နံနက် ၉ နာရီက အဆိုပါအသင်း လီမိတက်ရုံး အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေဆွေသီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်အောင်နှင့် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးစောမိုးလွင်တို့က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ ကျွမ်းကျင်(၃) ဒေါ်ခင်ဇာလီခိုင်က စာကြည့်တိုက်ရေရှည်ရှင်သန်ခိုင်မာရေးလုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

(၄၉၉)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၄-၂၀၁၁ (သောကြာနေ့) မဟာသင်္ကြန်အကြတ်နေ့

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသာနပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ ခါသင်္ကြန်အဆိုအကများ
၈:၄၀ ၆။ International News
၈:၄၅ ၇။ ဆယ်စုနှစ်ကခါသင်္ကြန် (ဇော်ဝမ်း)
၉:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီးတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၁၅ ၃။ ခါသင်္ကြန်အဆိုအကများ
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (ရူပဗေဒ၊သတ္တဗေဒ အထူးပြုများ)(ရူပဗေဒ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၆။ ခါသင်္ကြန်အဆိုအကများ
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၁၅ ၈။ မိုးလေဝသအခြေအနေ
၆:၂၀ ၉။ ခါသင်္ကြန်အဆို၊အကများ
၆:၄၀ ၁၀။ "ငွေသောင်ယံကမ်းအလှပန်းချီ ချောင်းသာဆီ
၇:၀၀ ၁၁။ ခါသင်္ကြန်အဆို၊အကများ
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "ရာသက်ပန်"(မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၁၆။ အစီအစဉ်ပြီး၏။

ဧပြီ ၁၃ ရက်က နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော်တစ်ခွင် မြန်မာ့ရိုးရာမဟာသင်္ကြန် အဆို၊ အက ဖျော်ဖြေတင်ဆက်ပွဲများဖြင့် အေးခ

❊ မဟာသင်္ကြန်အကျနေ့မှ အဆိုတော်များက စန္ဒယားကွန်းဇော်တီးဝိုင်းအဖွဲ့နှင့် တွဲဖက်၍ မြန်မာ့ရိုးရာ သင်္ကြန်တေးသံသာများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

အလားတူ နေပြည်တော် ရာဇသင်္ဂဟလမ်းမကြီးတစ်လျှောက် ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များ၌ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ စတီရီယိုတေးသံရှင်များက ခေတ်ပေါ်တေးဂီတဝိုင်းများနှင့် တွဲဖက်သီဆိုကပြ ဖြေဖျော်တင်ဆက်ကြပြီး သင်္ကြန်ကားများဖြင့် ရေပက်ခံထွက်ကြသူများ၊ တစ်ဦးချင်းအလိုက်၊ အဖွဲ့လိုက် ရေကစားကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ထို့အပြင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၊ ဟိုတယ်ရွှေပြည်တော်၊ အိုအေစစ်ဟိုတယ်၊ မက်(စ်)မြန်မာကုမ္ပဏီအုပ်စု၏ တော်ဝင်ကုမုဒြာဟိုတယ်၊ ငွေဆင်ကုမ္ပဏီအုပ်စု၏ ရွှေမြန်မာဟိုတယ်၊ ရွှေသံလွင်မိသားစုကုမ္ပဏီ၏ ရွှေညော့်သည်ဟိုတယ်နှင့် အမရဟိုတယ်တို့တွင် စတုဒိသာအလှူဒါနအဖြစ် မဟာသင်္ကြန် မြန်မာ့ရိုးရာအစားအစာများဖြစ်သော ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ်၊ သာဂူ အစရှိသည့်မုန့်မျိုးစုံတို့ဖြင့် ကျွေးမွေးဧည့်ခံကြသည်။

အတာသင်္ကြန်ရေသဘင်ပွဲဆင်နွှဲကြသူများ စည်ကားများပြားသကဲ့သို့ နေပြည်တော်ရှိ ရေပန်းဥယျာဉ်၊ အမျိုးသားပရဆေးဥယျာဉ်၊ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်တို့၌ အေးရိပ်ခိုကြသည့် သင်္ကြန်ရေပက်ခံကားများ၊ အနားယူအပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိရာ မဟာသင်္ကြန်အကျနေ့တွင် နေပြည်တော်တစ်ခွင်၌ အေးချမ်းခြင်း၊ ပျော်ရွှင်ခြင်း၊ စည်ကားခြင်းတို့ဖြင့် ထုံမွမ်းလျက်ရှိသည်ကို တွေ့ရှိရသည်။ (သတင်းစဉ်)

နေပြည်တော်မဟာသင်္ကြန် ရေသဘင်ပွဲတော်မှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလျက်ရှိရာ မဟာသင်္ကြန်အကျနေ့က နေပြည်တော်ဟိုတယ်ဇုန် လမ်းတစ်လျှောက် ရေပက်ခံကားများ၊ ရေကစားမဏ္ဍပ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

သင်္ကြန်

နေပြည်တော်တစ်ခွင် ရေကစားသူများဖြင့် စည်ကားပျော်ရွှင်

နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက ပါဝင်တဲ့အနေနဲ့ အိုအေစစ်ဟိုတယ် မိသားစုသင်္ကြန်မဏ္ဍပ်ကို ပလေးဘွိုင်းတေးဂီတအဖွဲ့နဲ့ အတူ စည်ကားအောင် ကြိုးစားထားပါတယ်။

ခိုင်စုဟန်
(F/O Manager၊
အိုအေစစ်ဟိုတယ်)
(အောက်ပုံ)

ကျွန်မ ဒီနှစ် နေပြည်တော်သင်္ကြန် လာရောက်ဖျော်ဖြေတာ နှစ်နှစ်မြောက်ပါပဲ။ ပရိသတ်ကလည်း ကျွန်မတို့ အနုပညာရှင်များကို စည်းကမ်းတကျ အားပေးကြတဲ့အတွက် ကျွန်မ အရမ်းအားရ ကျေနပ်မိတယ်။ နောင်နှစ်များတွင်လည်း ဒီထက်မက ပရိသတ်များကို ပိုမိုဖျော်ဖြေနိုင်အောင် ကြိုးစားသွားပါမယ်လို့ ကတိပြုပါတယ်။

ပပဝင်းခင်
(ရုပ်ရှင်သရုပ်ဆောင်)

...ရာမဟာသင်္ကြန် ရေသဘင်ပွဲတော်
...ပွဲများဖြင့် အေးချမ်းပျော်ရွှင် လန်းဆန်းစွာ ဆင်နွှဲ

...မြန်မာဟိုတယ်၊ ရွှေသံလွင်မိသားစုကုမ္ပဏီ၏ ...ဟိုတယ်တို့တွင် စတုဒိသာအလှူဒါနအဖြစ် မဟာ ...စာများဖြစ်သော ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ ...ည့်မုန့်မျိုးစုံတို့ဖြင့် ကျွေးမွေးဧည့်ခံကြသည်။

...ပွဲဆင်နွှဲကြသူများ စည်ကားများပြားသကဲ့သို့ ...အမျိုးသားပရဆေးဥယျာဉ်၊ နေပြည်တော် တိရစ္ဆာန် ...အမျိုးသားအထိမ်းအမှတ် ဥယျာဉ်တို့၌ အေးရိပ်ခို ...း၊ အနားယူအပန်းဖြေကြသူများဖြင့် စည်ကားလျက် ...နေပြည်တော်တစ်ခွင်၌ အေးချမ်းခြင်း၊ ပျော်ရွှင်ခြင်း၊ ...က်ရှိသည်ကို တွေ့ရှိရသည်။ (သတင်းစဉ်)

မဟာသင်္ကြန်အကျနေ့က နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်ရှိ ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာ ရေကစားကြစဉ်။ (သတင်းစဉ်)



ကြေးမုံ
The Mirror
သင်္ကြန်

နေပြည်တော်ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များတွင်
ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ကျွန်မ ဒီနှစ် နေပြည်တော်သင်္ကြန် လာရောက်ဖျော်ဖြေတာ နှစ်နှစ်မြောက်ပါပဲ။ ပရိသတ်ကလည်း ကျွန်မတို့ အနုပညာရှင်များကို စည်းကမ်းတကျ အားပေးကြတဲ့အတွက် ကျွန်မ အရမ်းအားရ ကျေနပ်မိတယ်။ နောင်နှစ်များတွင်လည်း ဒီထက်မက ပရိသတ်များကို ပိုမိုဖျော်ဖြေနိုင်အောင် ကြိုးစားသွားပါမယ်လို့ ကတိပြုပါတယ်။

ပပဝင်းခင်
(ရုပ်ရှင်သရုပ်ဆောင်)

ကျွန်တော်ကတော့ နေပြည်တော် သင်္ကြန်ကို လာရောက်ဖျော်ဖြေတာ နှစ်နှစ် ရှိသွားပါပြီ။ SKY NET မိသားစု ရေကစားမဏ္ဍပ်မှာ အဓိကဖျော်ဖြေ ပြီးတော့ မြို့တော်ဝန် မဏ္ဍပ်မှာလည်း သွားရောက်ဖျော်ဖြေ ပါတယ်။ နောင်နှစ်မှာလည်း လာရောက်ဖျော်ဖြေ နိုင်အောင် ကြိုးစားပါမယ်။

ရန်အောင်
(အကယ်ဒမီများဆုရှင်)

နေပြည်တော်ဟိုတယ်ဇုန်ရှိ
ရေကစားမဏ္ဍပ်များတွင်
ဖျော်ဖြေရေးအစီအစဉ်များဖြင့်
စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဓာတ်ပုံရိုက်ကွင်း
ခင်မောင်ဝင်း

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် ရေသဘင်ပွဲဆင်နွှဲ

နေပြည်တော် ဧပြီ ၁၄

၁၃၇၂ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) ညနေ ၅ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမအနီး ဗဟိုမဏ္ဍပ်၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်က တိုင်းဒေသကြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားပြီး အတာရေပက်ဖျန်းသည်။

ထို့နောက် သင်္ကြန်ယိမ်းအကအဖွဲ့များက အကများဖြင့် ဖျော်ဖြေကြပြီး Blue Sky တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြကာ ဒေသခံပြည်သူများက ရွှင်လန်းပျော်ရွှင်စွာ အတာရေသဘင်ပွဲ ဆင်နွှဲကြသည်။

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ယနေ့ သင်္ကြန်အကျနေ့ နံနက် ၈ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမအနီး ဗဟိုမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်နှင့်ဇနီး၊ လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြပြီး ထားဝယ်ရိုးရာယိမ်းအဖွဲ့၊ Blue Sky တေးဂီတအဖွဲ့၊ ဗဟိုမဏ္ဍပ် ဧည့်ခံဖျော်ဖြေရေးအဖွဲ့နှင့် ကရင်တိုင်းရင်းသားရိုးရာဒိုးယိမ်းအဖွဲ့တို့က အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်တပ်နယ် ဧည့်ခံရေးမဏ္ဍပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဧည့်ခံရေးမဏ္ဍပ်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဧည့်ခံရေးမဏ္ဍပ်များ၌ ဒေသခံပြည်သူများနှင့်အတူ ရေသဘင်ပွဲ ပါဝင်ဆင်နွှဲကြပြီး ဒေသခံပြည်သူများ ရွှင်လန်းပျော်ရွှင်စွာ ရေကစားလျက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချင်ကျိအဖွဲ့မှ မြို့ပေါ်ရပ်ကွက် လျှော်ဘေးဒဏ်သင့်ပြည်သူများအား အားပေးစကား ပြောကြားစဉ်။

တာလေမြို့ ယာယီဆေးရုံတည်ဆောက်ရေး ပန္နက်တင်

ရန်ကုန် ဧပြီ ၁၄

တာလေမြို့ ငလျင်ဒဏ်ကြောင့် ပြည်သူ့ဆေးရုံ ပြိုကျပျက်စီးခဲ့ရာ ယာယီဆေးရုံတည်ဆောက်ရေး စီစဉ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ပန္နက်တင်အခမ်းအနားကို ကျင်းပခဲ့ရာ ရှမ်းပြည်နယ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတူးမောင်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာနေရာများ၌ ပန္နက်တင်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တာလေငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် တရုတ်(တိုင်ပေ)ချင်ကျိ ဗုဒ္ဓဖောင်ဒေးရှင်းမှ အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

တာချီလိတ် ဧပြီ ၁၄

တာလေငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် တရုတ်(တိုင်ပေ)ချင်ကျိ ဗုဒ္ဓဖောင်ဒေးရှင်းမှ အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းပွဲကို ဧပြီ ၄ ရက်တွင် ကယ်ဆယ်ရေးစခန်း အမှတ်(၃)ရပ်ကွက်နှင့် မိုင်းလင်း(အနောက်) မအန်ခန်ဘုန်းတော်ကြီးကျောင်းတို့၌ ကျင်းပရာ မြို့ပေါ်ရှိ အပျက်အစီးအများဆုံးအိမ်ထောင်စု ၁၂ စု အတွက် ငွေကျပ်တစ်သိန်းစီ၊ မိုးကာစတစ်ထည်စီ၊ အမေရိကန်ဖြစ် စွန့်ပစ်ပစ္စည်းရေသန့်ဘူးခွံများမှ ထုတ်လုပ်သော စောင်တစ်ထည်စီ၊ ဒုတိယ အပျက်အစီးအများဆုံး အိမ်ထောင်စု ၄၃ စုအတွက် ငွေကျပ်ငါးသောင်းစီ၊ အနည်းငယ် ပျက်စီးသော အိမ်ထောင်စု ၂၀၂ စု အတွက် ငွေကျပ်နှစ်သောင်းစီ ပေးအပ်သည်။ ထို့ပြင် အိမ်ထောင်စု ၂၅၇ စုလုံးအတွက် ပလတ်စတစ်ရေပုံး၊ ခြင်ထောင်၊ ကျားဝတ်လုံချည်၊ မဝတ်လုံချည်၊ ပဲဆီကီလိုဘူးကြီး၊ ဆားထုပ်သေး၊ လပ်စ်ကိုယ်တိုက်ဆပ်ပြာ၊ နိုင်လွန်ဖျာတစ်မျိုးစီကိုလည်းကောင်း၊ မိုင်းလင်း(အနောက်) ကျေးရွာအုပ်စုရှိ အပျက်အစီးအများဆုံး အိမ်ထောင်စု ၁၂ စုအတွက် ငွေကျပ်တစ်သိန်းစီ၊ မိုးကာ ၁၂ စ၊ ဒုတိယ အပျက်အစီးအများဆုံး အိမ်ထောင်စု ၁၃၀ အတွက် ငွေကျပ် ငါးသောင်းစီနှင့် စောင်တစ်ထည်စီ၊ အနည်းငယ်ပျက်စီးသော အိမ်ထောင်စုတစ်စုအား ငွေကျပ်နှစ်သောင်းပေးအပ်ပြီး အိမ်ထောင်စု ၁၄၃ စုလုံးအတွက် အသုံးအဆောင်ပစ္စည်းတစ်မျိုးစီ ပေးအပ်ခဲ့သည်။ ထို့ပြင် ဗဟိုကယ်ဆယ်ရေးစခန်း၌ အမေရိကန်ဒေါ်လာ ၄၀၀ တန်ဖိုးရှိ ယာစပါးအစေ့ချ ကိရိယာတစ်ခုပေးအပ်ခဲ့ကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

ချင်ကျိအဖွဲ့မှ မြို့ပေါ်ရပ်ကွက် လျှော်ဘေးဒဏ်သင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၉။ ခါသင်္ကြန်အဆိုအကများ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၀၅ ၁၁။ ဦးတည်ချက်(၁၂)ရပ်
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅း ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၀ ၄။ အဖွင့်သီချင်း
- ၄း၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ မဟာဂီတချိုကြည်မြ
- ၄း၃၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၅ ၉။ အိုင်စီတီသုတ
- ၅း၀၀ ၁၀။ ရန်သူမီး
- ၅း၁၀ ၁၁။ ခါသင်္ကြန်အဆိုအကများ
- ၅း၃၀ ၁၂။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာကသက်ရှိသတ္တဝါများ(အပိုင်း-၆)
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရတနာ့စံအိမ်(အပိုင်း-၁၂)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဦးတည်ချက်(၁၂)ရပ်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ စိုက်ပျိုးသုတ
- ၂၃။ တန်ဖိုး အပိုင်း(၂)(ဇာတ်သိမ်း)
- ၂၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၃)**
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

တာလေ၌ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် အိမ်ထောင်စု လူဦးရေစာရင်းပုံစံများ ထုတ်ပေး

ရန်ကုန် ဧပြီ ၁၄

ရှမ်းပြည်နယ် တာချီလိတ်ခရိုင် တာလေမြို့ ငလျင်လှုပ်ရာတွင် မိုင်းလင်း(အနောက်) ကျေးရွာအုပ်စုမှ နိုင်ငံသားစိစစ်ရေးကတ်ပျက်စီးပျောက်ဆုံးသူ ၆၅ ဦးအား ယနေ့ နံနက်၉ နာရီတွင် မိုင်းလင်း(အနောက်) ကျေးရွာအုပ်စု မအန်ခန်ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်း၌ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းက နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများကို တစ်ဦးချင်းထုတ်ပေးပြီး အိမ်ထောင်စုလူဦးရေ စာရင်းပုံစံများကိုလည်း အသစ်ပြန်လည်ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့ရှိသူ	-	ထောင်(၁)နှစ်
၂။ ကစားသူ	-	ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ	-	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁) မြေသားလမ်း ပေ ၃၀ မပြည့်သော နေရာများအား မြေပြန်လည်ဖြည့်တင်းခြင်းလုပ်ငန်း၊ ကမ္ဘားတဲတံတားမြေကာနံရံပြုလုပ်ခြင်းလုပ်ငန်း၊ ကတ္တရာလမ်းသားမြှင့်တင်ခြင်းနှင့် လမ်းပေါက်များဖာထေးခြင်းလုပ်ငန်း၊ တံတားနှင့် ရေကျော်အတက်အဆင်းကောင်းမွန်စေရန် ချဉ်းကပ်လမ်းများ ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်စဉ်။

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ အမှတ်(၁)ဈေး မီးဘေးလုံခြုံရေးအတွက် ရေပိုက်လိုင်းတပ်ဆင်ထားမှုနှင့် အပေါ့စားမီးသတ်စက်ဖြင့် ဖျန်းပက်ငြိမ်းသတ်နိုင်ရေး ဆောင်ရွက်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မအမှတ်(၁) ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးကြီးများ မီးဘေးလုံခြုံရေးအတွက် မြို့မဈေးကြီးအတွင်း လက်တွေ့မီးငြိမ်းသတ်မှု ဆောင်ရွက်နေခြင်းကို အမှုဆောင်အရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး)ဦးလင်းထွန်း ဦးဆောင်၍ မီးသတ်ဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဌာနတို့နှင့် ပူးပေါင်းကြီးကြပ်ဆောင်ရွက်စဉ်။

နိုင် ငံ တ ကာ အား က စား သ တင်း များ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များပြီးဆုံး ဘာစီလိုနာနှင့် ရီးယဲလ်၊ မန်ယူနှင့် ရှော်ကေးတို့ အကြိုဗိုလ်လုမည်

လန်ဒန် ဧပြီ ၁၄

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့၏ ဒုတိယနေ့ပွဲစဉ်များကို ကြာသပတေးနေ့က ကျင်းပခဲ့ရာ ရီးယဲလ်မက်ဒရစ်နှင့် ရှော်ကေးတို့ နိုင်ပွဲရရှိပြီး အကြိုဗိုလ်လုပွဲကို တက်သွားပြီဖြစ်သည်။

စပါး ၀-၁ ရီးယဲလ်မက်ဒရစ် (နှစ်ကျော့ပေါင်း ၀-၅)

အင်္ဂလန်မြေတွင် ကစားခဲ့သည့် စပါးနှင့် ရီးယဲလ်မက်ဒရစ်တို့ပွဲတွင် ဧည့်သည် ရီးယဲလ်မက်ဒရစ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ စပါးအသင်း၏ ဂိုးပေါက်ကို ဂိုမက်ဇ်က တာဝန်ယူခဲ့ပြီး နောက်တန်းတွင် ဂါးလက်စ်၊ ဒေါ်ဆင်၊ ကော်လူကာနှင့် အီကော့တို တို့ကို အထိုင်ချခဲ့သည်။ ဂါရတ်ဘေးလ်၊ လင်နွန်၊ ဗန်ဒါဗက်နှင့် မော့ဒရစ်တို့၏ ကွင်းလယ်က ထိုးဖောက်မှု အားကောင်းခဲ့သော်လည်း စီရော်နယ်ဒို၊ အလွန်ဆို၊ အိုဇေးလ်နှင့် ခီဒီရာတို့ဖြင့် ပွဲထွက်လာသည့် ရီးယဲလ်မက်ဒရစ်က သမ္မာဖြင့်ထိန်းသွားသည်။

ယခုပွဲတွင် ရီးယဲလ်မက်ဒရစ် အထောင်တိုက်စစ်မှူး အဒီဘာယော လှုပ်မရခဲ့သလို ပက်လူချန်ကို ဦးဆောင်သည့် စပါးတိုက်စစ်ကို ရီးယဲလ်မက်ဒရစ်ဂိုးသမား ကာဆီးလက်စ်နှင့် နောက်ခံကစားသမားများဖြစ်သည့် ကာဗယ်ဟို၊ ရာမို့စ်၊ မာဆယ်လိုနှင့် အဘီလိုအာတို့ ကောင်းကောင်းထိန်းချုပ်နိုင်ခဲ့သည်ကို တွေ့ရသည်။ ဘောလုံးပိုင်ဆိုင်မှုတွင် ဧည့်သည် ရီးယဲလ်မက်ဒရစ်အသင်းက အနည်းငယ် အသာစီးရရှိခဲ့သည်။ ရီးယဲလ်မက်ဒရစ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို စီရော်နယ်ဒိုက ပွဲချိန်မိနစ် ၅၀ တွင် သွင်းယူခဲ့သည်။ ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းသည် နှစ်ကျော့ပေါင်း ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

ရှော်ကေး ၂-၁ အင်တာမီလန် (နှစ်ကျော့ပေါင်း ၇-၃)

ပထမအကျော့ အဝေးကွင်းတွင် ဂိုးပြတ်အနိုင်ရထားသည့် ရှော်ကေးသည် ယခုအိမ်ကွင်း၌ သရေထိန်းကစားရန် ကြိုးစားလာခဲ့သည်။ ထို့ကြောင့် အင်တာမီလန်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုကို ခံခဲ့ရသည်။ သို့သော် ပွဲအပြီးတွင် ကောင်တာမြန်သည့် အိမ်ရှင် ရှော်ကေးကသာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။

ရှော်ကေးအတွက် ဂိုးများကို ပွဲချိန် ၄၅ မိနစ်တွင် ဝါရင့်တိုက်စစ်မှူး ရာအူးလ်က သွင်းယူခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် ဟိုးဒက်စ်က သွင်းယူခဲ့သည်။ အင်တာမီလန်အတွက် ဂိုးကို မိနစ် ၅၀ တွင် မော့တာက သွင်းယူခဲ့သည်။ အင်တာမီလန်အသင်းသည် နှစ်ကျော့စလုံးတွင် လူစုံထုတ်ကာ ရှော်ကေးကို ရင်ဆိုင်ခဲ့သော်လည်း နှစ်ပွဲလုံးရှုံးပြီး ပြိုင်ပွဲကို နှုတ်ဆက်လိုက်ရပြီဖြစ်သည်။

ရှော် ကေး တွင် ခြေစွမ်းပြပြီး အဖွင့်ဂိုး သွင်းပေးခဲ့သည့် ဝါရင့် တိုက်စစ်မှူး ရာအူးလ်။

ယှဉ်ပြိုင်မည်

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအဖြစ် မန်ယူနှင့်ရှော်ကေး၊ ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်များကို ဧပြီ ၂၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက်နှင့် ဧပြီ ၂၈ ရက်(ကြာသပတေးနေ့) နံနက်တို့တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်များကို မေ ၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက်နှင့် မေ ၅ ရက်(ကြာသပတေးနေ့) နံနက်တို့တွင် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အင်တာနက်။



စီ ရော် နယ် ဒို ကန် သွင်း သည့် ဘောလုံး စပါး ဘက်သို့ ဂိုးဝင်သွားစဉ်။

အလုပ်လက်မဲ့နည်းပြတစ်ဦး ချယ်လ်ဆီးကိုကိုင်တွယ်ရန် စိတ်ဝင်စားနေ

ရောမ ဧပြီ ၁၄

အီတလီလက်ရွေးစင်အသင်းကြီးနှင့် အတူ ကမ္ဘာ့ဖလားကို ကိုင်မြှောက်ပြနိုင်ခဲ့သည့် နည်းပြမာဆယ်လိုလစ်ပီသည် လက်ရှိအချိန်တွင် လက်ဆုပ်လက်ကိုင်အသင်းမရှိဘဲ အလုပ်လက်မဲ့ဖြစ်နေသည်။ အဆိုပါအလုပ်လက်မဲ့ဖြစ်နေသည့် အီတလီလက်ရွေးစင်အသင်း နည်းပြဟောင်း မာဆယ်လိုလစ်ပီက မိမိအနေဖြင့် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးကို ကိုင်တွယ်ရန် စိတ်ဝင်စားနေကြောင်း ထုတ်ဖော်ပြောကြားလာသည်။

မာဆယ်လိုလစ်ပီသည် ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားပြီးစဉ်ကပင် အီတလီအသင်းနှင့် လမ်းခွဲခဲ့သူဖြစ်သည်။ ၎င်းသည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်စ်ကိုလည်း ကိုင်တွယ်ခဲ့ဖူးသည့် အတွေ့အကြုံရှိနေသည်။ ၂၀၀၆ ခုနှစ်တွင် အီတလီအသင်းကို ကမ္ဘာ့ဖလားချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ၂၀၁၀ ကမ္ဘာ့ဖလားတွင်မူ အုပ်စုအဆင့်ကိုပင် ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ပေ။

ထိုသို့အရှုံးဖြင့်ရင်ဆိုင်ရပြီး နည်းပြဘဝကို စွန့်ခွာခဲ့သည့် မာဆယ်လိုလစ်ပီသည် ပွဲလန့်တုန်းဖျာခင်းရန် ကြံစည်လာသည်ဟု မဆိုသာသော်လည်း ဖိအားများဖြင့် ရင်ဆိုင်နေရသည့် အန်ဆန်လော့တီ၏ နေရာကို ဝင်ရောက်ရန် စိတ်အားထက်သန်လျက်ရှိနေသည်မှာ ထင်ရှားလှသည်။ ချယ်လ်ဆီးသူဌေး အေဗရာမိုဗစ်ချ် အလိုချင်ဆုံးဆုဖလားမှာ ချန်ပီယံလိဂ်ဖလားဖြစ်သည်။ သို့သော် အေဗရာမိုဗစ်ချ် လက်ထက်တွင် နည်းပြ လေးဦးခန့်ထိပြောင်းလဲခန့်ထားခဲ့သော်လည်း ချန်ပီယံလိဂ်ဆုဖလားကိုမူ ယခုအချိန်ထိ ရယူပေးနိုင်ခြင်း မရှိသေးပေ။ သို့အတွက်ကြောင့် ရာသီကုန်တွင် လက်ရှိနည်းပြ အန်ဆန်လော့တီ၏ အနာဂတ်မှာ မသေချာ မရေရာ ဖြစ်လာခြင်းကြောင့် မာဆယ်လိုလစ်ပီက ကြိုတင်စကားဦး သန်းထားခြင်းဖြစ်သည်။

ချယ်လ်ဆီးကိုကိုင်တွယ်ရန် စိတ်ဝင်စားနေသည့် မာဆယ်လိုလစ်ပီ။

သို့သော် အင်္ဂလိပ်ပရီမီယာလိဂ်၏ ကစားဟန်မှာ အီတလီကစားဟန်နှင့် ကွာဟမှုရှိနေ၍ အီတလီကလပ်နှင့် အီတလီအသင်းတို့ကိုသာ ကိုင်တွယ်ဖူးသည့် မာဆယ်လိုလစ်ပီအတွက် စိန်ခေါ်မှု တစ်ရပ်ဖြစ်လာနိုင်သည်။

အင်တာနက်။

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ၏ ချန်ပီယံလိဂ် ချန်ပီယံကို ခန့်မှန်းကြည့်ခြင်း

လန်ဒန် ဧပြီ ၁၄

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ ဥရောပ၏ အမြင့်ဆုံးနှင့် ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးပြိုင်ပွဲကို ပြပါဆိုလျှင် ချန်ပီယံလိဂ်ပြိုင်ပွဲကိုပဲ ပြရမည်ဖြစ်သည်။ နည်းပြတိုင်း၊ အသင်းပိုင်ရှင်တိုင်း၊ ကစားသမားတိုင်း ကိုင်မြှောက်လိုသည့် ဖလားမှာ ချန်ပီယံလိဂ်ဖလားပင်ဖြစ်သည်။ ထိုချန်ပီယံလိဂ်ဖလားပြိုင်ပွဲမှာ အကြိုဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ချန်ပီယံဖြစ်မည့်အသင်းကို ကြိုတင်ခန့်မှန်းရန်စောနေသေးသော်လည်း သုံးသပ်မှုလေးတစ်ခုအဖြစ် ဖော်ပြလိုက်ရပါသည်။

ပထမအကြိုဗိုလ်လုပွဲ

အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အဖြစ် အင်္ဂလန်ထိပ်သီးကလပ်မန်ယူနှင့် ဂျာမန်ကလပ် ရှော်ကေးတို့ ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဤနှစ်သင်း၏ လက်ရှိရပ်တည်မှုအဆင့်၊ ပညာ၊ သမ္မာ၊ ကစားသမားအင်အားနှင့် နည်းပြပိုင်း အစစအရာရာတွင် မန်ယူက သာလွန်မှုရှိနေသည်။

ရှော်ကေး၏ အကြိုဗိုလ်လုပွဲဆီသို့ လာရာလမ်းကို ပြန်ကြည့်လျှင် ၁၆ သင်းရှုံးထွက်အဆင့်တွင် ဗလင်စီယာကို နှစ်ကျော့ပေါင်း ၄-၂၊ ကွာတားဖိုင်နယ်တွင် လက်ရှိချန်ပီယံ အင်တာမီလန်ကို နှစ်ကျော့ပေါင်း ၇-၃ ဖြင့် အနိုင်ယူကျော်ဖြတ်ခဲ့ခြင်းကြောင့် ရှော်ကေး၏ ခြေစွမ်းမှာ ထိပ်တန်းအဆင့်တွင် ရှိနေသည်ဟုပင် သတ်မှတ်နိုင်သည်။ သို့သော် ရှော်ကေးအနေဖြင့် မန်ယူကို နောက်ကောက်ချနိုင်ရန်မှာ ခက်ခဲလွန်းလှသည်။ နှစ်ကျော့ပေါင်း ဂိုးအသာဖြင့် မန်ယူ ဗိုလ်လုပွဲတက်သွားမည်ထင်သည်။

ဒုတိယအကြိုဗိုလ်လုပွဲ

ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အကြောင်းသိ လာလီဂါအသင်းအချင်းချင်း ထိပ်တိုက်တွေ့ဆုံမှုက နောက်ဆုံးဗိုလ်လုပွဲကဲ့သို့ ပြိုင်ဆိုင်မှုပြင်းထန်လာဦးမည် ဖြစ်သည်။ ဘာစီလိုနာက ရီးယဲလ်မက်ဒရစ်ကို ငါးဂိုးပြတ်ဖြင့် အနိုင်ရထားဖူးသော်လည်း ကစားသမားအင်အား ကွာဟမှုက ကျဉ်းမြောင်းလှသည်။

ရီးယဲလ်မက်ဒရစ်နည်းပြ မော်ရင်ဟိုအနေဖြင့် လာလီဂါတွင် အသာမရသော်လည်း ယခုရင်ဆိုင်တွေ့မည့် ချန်ပီယံလိဂ်တွင် ဘာစီလိုနာကို ဆီမီးအဆင့်တွင်ပင် ထားခဲ့နိုင်မည်ဟု ယူဆရပါသည်။

ချန်ပီယံကို ခန့်မှန်းကြည့်ခြင်း

အထက်က တင်ပြခဲ့သည့်အတိုင်းဖြစ်လာမည်ဆိုပါက နောက်ဆုံးဗိုလ်လုပွဲတွင် မန်ယူနှင့် ရီးယဲလ်မက်ဒရစ် ဆုံတွေ့မည်ဖြစ်သည်။ ထိုသို့ ဆုံတွေ့လာမည်ဆိုပါက နည်းပြပိုင်းက အဓိကစကားပြောလာမည်ဖြစ်သည်။ ထို့ပြင် ရီးယဲလ်မက်ဒရစ် တောင်ပံတိုက်စစ်မှူး စီရော်နယ်ဒို၏ အသင်းဟောင်းကို မည်သို့ရင်ဆိုင်မည်ဆိုသည်ကလည်း စိတ်ဝင်စားစရာတစ်ရပ် ဖြစ်လာမည်ဖြစ်သည်။

နှစ်သင်းလုံး ကစားအားကောင်းကောင်းနှင့် တိုက်စစ်ထက်မြက်မှုရှိကြသော်လည်း ရီးယဲလ်မက်ဒရစ် ကစားသမားများက တစ်ဦးချင်းစွမ်းဆောင်မှု ပိုမိုထက်မြက်ကြသည်။ ထိုထက်မြက်မှုကို နည်းပြမော်ရင်ဟို၏ ဗျူဟာအခင်းအကျင်းနှင့်ပါ ပေါင်းစပ်လိုက်မည်ဆိုပါက ၂၀၁၀-၂၀၁၁ ဘောလုံးရာသီချန်ပီယံလိဂ် ချန်ပီယံဆုဖလားမှာ မော်ရင်ဟို၏ ဆုဖလားဖြစ်လာမည်လား။ သို့တည်းမဟုတ် ဖာဂူဆန်ကပင် ၁၉၉၉ အိပ်မက်ကို အကောင်အထည်ဖော်သွားမည်လား ဆိုသည်ကိုဖြင့် စောင့်ကြည့်ရုံမှတစ်ပါး. . .။

ဟန်သစ်

ဧပြီလအတွက် ဖီဖာ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်များ ထွက်ပေါ်

ဂျီနီဗာ ဧပြီ ၁၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၏ ဧပြီလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များ ယနေ့တွင် ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် စပိန်အသင်းမှာ ထိပ်ဆုံးမှပင် ဆက်လက်ဦးဆောင် ရပ်တည်နေသည်ကို တွေ့ရသည်။

ဒုတိယနေရာတွင် နယ်သာလန်အသင်းရှိနေပြီး မတ်လက အဆင့်(၅) နေရာသို့ လျှောကျသွားခဲ့သည့် ဘရာဇီးအသင်းမှာ ယခုလတွင် အဆင့်(၃) နေရာသို့ ပြန်တက်လာနိုင်ခဲ့သည်။ ဂျာမနီနှင့် အာဂျင်တီးနားတို့မှာ တစ်ဆင့်စီ လျှောကျသွားသည်။

အာရှဇုန်အသင်းများထဲတွင် ဂျပန်က အမြင့်ဆုံးရပ်တည်လာနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် နှစ်ဆတက်ကာ အဆင့်(၁၃)သို့ ရောက်လာသည်။ ဖီဖာ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်များမှာ (၁) စပိန်၊ (၂) နယ်သာလန်၊ (၃) ဘရာဇီး၊ (၄) ဂျာမနီ၊ (၅) အာဂျင်တီးနား၊ (၆) အင်္ဂလန်၊ (၇) ဥရုဂွေး၊ (၈) ပေါ်တူဂီ၊ (၉) အီတလီနှင့် (၁၀) ခရိုအေးရှားတို့ ဖြစ်ကြသည်။ ပြင်သစ်အသင်းမှာမူ အဆင့်(၁၉) တွင် ရှိနေသည်။

အင်တာနက်။

တောင်ပိုင်းဒေသများ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၁၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ဧပြီလ၏ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ မင်းဘူးမြို့နှင့်ဇောင်းတူမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** လောင်းလုံမြို့တွင် သုည ဒသမ ၉၈ လက်မ၊ ထားဝယ်မြို့တွင် သုည ဒသမ ၉၁ လက်မ၊ သထုံမြို့တွင် သုည ဒသမ ၅၅ လက်မနှင့် လွိုင်လင်မြို့တွင် သုည ဒသမ ၄၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက် ။ ။ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းဘေးဝဲ၊ ယာ ချုံနွယ်များရှင်းလင်း

သာစည် ဧပြီ ၁၄

သာစည်မြို့နယ်အတွင်းရှိ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)လမ်း ဘေးဝဲ၊ ယာတို့မှ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းကို မတ် ၁၅ ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးကျော်နိုင်ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြောင်းသိရသည်။ (၄၂၅)

အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် အသေခံပုံးခွဲတိုက်ခိုက်

ဂါဒက်ဇ်(အာဖဂန်နစ္စတန်) ဧပြီ ၁၄

အာဖဂန်နစ္စတန်နိုင်ငံ ပက်ရှားပြည်နယ်တွင် အသေခံပုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ ဒေသတွင်းရှိ ရဲတပ်ဖွဲ့လေ့ကျင့်ရေးစခန်းတစ်ခုကို ပစ်မှတ်ထား၍ ပုံးဖောက်ခွဲခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးကြောင်း ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဧပြီ ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၈နာရီခန့်က အာရတ်ဇ်ဇာဇီမြို့ရှိ ရဲတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေးစခန်းအတွင်းသို့ အသေခံပုံးခွဲသမားနှစ်ဦး ဝင်ရောက်လာကြောင်း၊ ၎င်းတို့ကို ရဲများက စစ်သွေးကြွများအဖြစ် မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးကြောင်း၊ ယင်းသို့ စစ်ဆေးနေစဉ် အသေခံ ပုံးခွဲသမားက အသေခံပုံးခွဲလိုက်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း အုပ်ချုပ်ရေးဌာနအကြီးအကဲက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဒုတိယအသေခံပုံးခွဲသမားကို ပုံးဖောက်ခွဲခြင်းမပြုမီ ရဲတပ်ဖွဲ့က လက်ဦးမှုရယူတားဆီးနိုင်ခဲ့သည်။ ယင်းပုံးဖောက်ခွဲတိုက်ခိုက်မှုသည် တာလီဘန်များ၏ လက်ချက်ဖြစ်ကြောင်း တာလီဘန် ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ယင်းအသေခံပုံးခွဲမှုသည် ဧပြီ ၁၄ရက်တစ်ရက်တည်းတွင် ဖြစ်ပွားခဲ့သော ဒုတိယအကြိမ်ဖောက်ခွဲမှုဖြစ်သည်။ ပထမအကြိမ်မှာမူဆာရီဒေသရှိ ရဲစခန်းကို ဖောက်ခွဲရေးပစ္စည်း အပြည့်တင်ထားသောကားဖြင့် ဖောက်ခွဲခြင်းဖြစ်ပြီး ရဲသုံးဦးနှင့် အရပ်သားတစ်ဦးအပါအဝင် လေးဦးဒဏ်ရာရရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တောင်ကိုရီးယားနိုင်ငံလုပ် တီ-၅၀ အမျိုးအစား အမောင်းသင် ဂျက်လေယာဉ်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားလုပ် အမောင်းသင်လေယာဉ်များကို အင်ဒိုနီးရှားဝယ်ယူရန် သဘောတူညီချက်ရရှိ

ဆိုးလ် ဧပြီ ၁၄

အင်ဒိုနီးရှားနိုင်ငံသည် စစ်ဘက်ဆိုင်ရာ အမောင်းသင် ဂျက်လေယာဉ်များကို တောင်ကိုရီးယားနိုင်ငံပိုင် လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီထံမှ ဝယ်ယူရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ကိုရီးယားတိုင်းမ်သတင်းစာက ဧပြီ ၁၄ရက်တွင် ရေးသားဖော်ပြသည်။

ပဏာမသဘောတူညီချက်အရ အင်ဒိုနီးရှားနိုင်ငံသည် ကိုရီးယားလေကြောင်း အာကာသစက်မှုလုပ်ငန်းကုမ္ပဏီထံမှ အမောင်းသင်ဂျက်လေယာဉ် ၁၆စင်း ဝယ်ယူမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် စစ်ဘက်ဆိုင်ရာ ဂျက်လေယာဉ်များကို အင်ဒိုနီးရှားနိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့ရောင်းချခွင့်ရရှိလာမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံရှိ လေကြောင်းအာကာသ စက်မှုလုပ်ငန်းသည် တီ-၅၀ရွှေလင်းယုန်ဟုအမည်ပေးထားသော ဂျက်လေယာဉ်ကို ထုတ်လုပ်လျက်ရှိသည်။ အဆိုပါလေယာဉ်အမျိုးအစားကို အမောင်းသင်လေယာဉ်အဖြစ်ရော၊ ဘက်စုံသုံးတိုက်လေယာဉ်အဖြစ်ပါ အသုံးပြုနိုင်မည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကိုရီးယားလုပ် အမောင်းသင်ဂျက်လေယာဉ် ဝယ်ယူရေးကိစ္စနှင့်ပတ်သက်၍ အသေးစိတ်ညှိနှိုင်းမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

အင်ဒိုနီးရှားလေတပ်၌လောလောဆယ်အသုံးပြုနေသော ဟော့ခ်အမ်ကေ-၅၃အမျိုးအစား အမောင်းသင် ဂျက်လေယာဉ်ဟောင်းများ၏နေရာတွင် ကိုရီးယားလုပ် ဂျက်တိုက်လေယာဉ်သစ်များဖြင့် အစားထိုးသွားမည်ဖြစ်သည်။

တီ-၅၀အမျိုးအစား ဂျက်တိုက်လေယာဉ်ကို ကိုရီးယားလေကြောင်းအာကာသ စက်မှုလုပ်ငန်းကုမ္ပဏီက အမေရိကန်လော့ခ်ဟိဒ်မာတင်ကော်ပိုရေးရှင်း၏ ဒီဇိုင်းပုံစံပေါ် အခြေခံကာ ၂၀၀၅ခုနှစ်မှ စတင်၍ ထုတ်လုပ်လျက်ရှိသည်။ **အင်တာနက်။**

ဗြိစတြေးလျ၌ ကားသစ်ရောင်းချမှု မြင့်တက်

ဆစ်ဒနီ ဧပြီ ၁၄

ဩစတြေးလျနိုင်ငံ၌ မော်တော်ကားသစ်ရောင်းချမှုသည် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက မတ်လတွင် ၃ဒသမ ၄ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခဲ့ကြောင်း ဩစတြေးလျ စာရင်းအင်းဌာနက ထုတ်ပြန်ကြေညာသည်။

ရောင်းချခဲ့ရ

ဖေဖော်ဝါရီလက ကားသစ် ၈၄၂၅၅ စီးရောင်းချခဲ့ရပြီး မတ်လ၌ ၈၇၁၄၁စီးအထိ ရောင်းချခဲ့ရသည်ဟုဆိုသည်။

နှစ်စမှစတင်၍ မတ်လအတွင်း ကားသစ် ရောင်းချရမှု ၁ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း စာရင်းအင်းဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ဩစတြေးလျနိုင်ငံရှိ ပြည်နယ်ရှစ်ခုအနက်ငါးခု၌ ကားသစ်ရောင်းချရမှုသည် ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက မတ်လ၌တိုးမြင့်လာခဲ့သည်။

ဩစတြေးလျနိုင်ငံ မြောက်ပိုင်းဒေသတွင် ကားသစ်ရောင်းချရမှု ၉ ဒသမ ၉ ရာခိုင်နှုန်း၊ နယူးဆောက်ဝေးနှင့် ကွင်းစလန်ပြည်နယ်တို့တွင် ၆ဒသမ ၇ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

ဆင်ဟွာ။

အီကွေဒေါတွင် ယာဉ်တိုက်မှုဖြစ်ပွား ၁၆ ဦးသေဆုံး၊ ၄၀ ကျော်ဒဏ်ရာရ

ကွီတို ဧပြီ ၁၄

အီကွေဒေါနိုင်ငံ အနောက်မြောက်ပိုင်း ဂူယာရပ်စ်ပြည်နယ်နှင့် မာနာဘီပြည်နယ်တို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမကြီးတွင် ဧပြီ ၁၃ရက် နံနက်စောစောပိုင်းက ခရီးသည်တင် ဘတ်စ်ကားနှစ်စီး ပြင်းထန်စွာတိုက်မိသဖြင့် ခရီးသည် ၁၆ဦးထက်မနည်း သေဆုံးပြီး ၄၀ကျော်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

ဂူယာရပ်စ်ပြည်နယ်မြောက်ပိုင်း ဆီဒရိုယိုရာခရိုင်တွင် ယင်းယာဉ်တိုက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယာဉ်တိုက်မှုဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးလုပ်သားများနှင့် အီကွေဒေါ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဒဏ်ရာရသူများကို ဆေးရုံသို့ပို့ဆောင်ပေးကြသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကာဇက်စတန်နိုင်ငံရှိ ဘေကိုနူးအာကာသစခန်းသို့ ဆိုယုဇ်အာကာသယာဉ်ကို မီးရထားဖြင့် တင်ပို့ရန်ပြင်ဆင်နေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အရှေ့ဖျားဒေသ၌ အာကာသစခန်း တည်ဆောက်ရေး ယူကရိန်းနိုင်ငံကို ရုရှားကမ်းလှမ်း

မော်စကို ဧပြီ ၁၄

ရုရှားနိုင်ငံက အရှေ့ဖျားဒေသ၌ တည်ဆောက်မည့် ဗော်စတိုချာနီအာကာသစခန်းစီမံကိန်းတွင် ယူကရိန်းနိုင်ငံ ပူးပေါင်းပါဝင်ရန် ဝန်ကြီးချုပ် ဗလာဒီမာပူတင်က ကမ်းလှမ်းလိုက်ကြောင်း ရုရှားသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်ပူတင်သည် ယူကရိန်းသမ္မတ ဗစ်တာယာနူကိုဗစ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် ယင်းသို့ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။

အရှေ့ဖျားဒေသ၌ ဗော်စတိုချာနီ အာကာသစခန်း တည်ဆောက်ရေးစီမံကိန်းမှာ ကနဦးအဆင့်တွင်သာရှိသေးကြောင်း၊ ယင်းစီမံကိန်းသည် ရုရှားအစိုးရအတွက် အရေးပါသည့် စီမံကိန်းတစ်ရပ်ဖြစ်ကြောင်း ပူတင်ကပြောကြားသည်။

ယူကရိန်းနှင့် ရုရှားနိုင်ငံတို့သည် အာကာသလုပ်ငန်းနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် နှစ်နိုင်ငံစလုံးအတွက် လွန်စွာအကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း ယူကရိန်းသမ္မတက ပြန်လည်ပြောကြားသည်။

ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် အာကာသဂြိုဟ်ပတ်လမ်း၌ ခရီးနှင်နိုင်ခဲ့သော ဆိုဗီယက်အာကာသယာဉ်မှူး ယူရီဂါဂါရင်၏ အာကာသခရီးစဉ် နှစ် ၅၀ ပြည့် အခါသမယအတွင်း ရုရှားဝန်ကြီးချုပ်၏ ကမ်းလှမ်းချက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ပထမဆုံးသော အာကာသယာဉ်မှူး ဂါဂါရင်၏ အာကာသခရီးစဉ်သည် စစ်အေးခေတ်အတွင်း ဆိုဗီယက်ပြည်ထောင်စု၏ အကြီးအကျယ်ဆုံးသော အောင်မြင်မှုတစ်ရပ်ဖြစ်သည်။

ဗော်စတိုချာနီ အာကာသစခန်းကို ရုရှားအရှေ့ဖျားဒေသ အမူအော်ဘလက်မြို့၌ စတင်တည်ဆောက်နေပြီဖြစ်သည်။ အာကာသစခန်းသစ် တည်ဆောက်ခြင်းဖြင့် ရုရှားနိုင်ငံအနေဖြင့် ဘေကိုနူးအာကာသစခန်းအပေါ် မှီခိုအားထားနေရမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ဘေကိုနူးအာကာသစခန်းသည် ယခင်ဆိုဗီယက်ပြည်ထောင်စု၌ ပါဝင်သော ကာဇက်စတန်နိုင်ငံ၌ တည်ရှိသည်။ **အင်တာနက်။**

ကမ္ဘာပေါ်တွင် နှစ်စဉ် ကလေး ၂ ဒသမ ၆ သန်း အသေမွေးဖွားလျက်ရှိ

ဝါရှင်တန် ဧပြီ ၁၄

ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်နှင့်အမျှ ရင်သွေးငယ် ၇၀၀၀ ခန့်မှာ အသေမွေးဖွားလာကြကြောင်း၊ အဆင်းရဲဆုံးနိုင်ငံများတွင် အဆိုးရွားဆုံးဖြစ်ကြောင်း ကျန်းမာရေးဂျာနယ် "ဒီလန်းဆက်" ၌ ရေးသားထားသော လေ့လာရေးစစ်တမ်းတွင် ဖော်ပြထားသည်။

နှစ်စဉ်အသေမွေးဖွားသောမွေးကင်းစရင်သွေး ၂ဒသမ ၆သန်းအနက် ၉၈ ရာခိုင်နှုန်းသည် ဝင်ငွေအလယ်အလတ်နှင့် နည်းပါးသည့် နိုင်ငံများတွင် ဖြစ်သည်ဟု ဆိုသည်။

အကြံပြု

ကိုယ်ဝန်ဆောင် အမျိုးသမီးများကို ဆေးရုံ၊ ဆေးခန်းများက ပိုမို၍ ဂရုစိုက်စောင့်ရှောက်ပေးခြင်း၊ ကိုယ်ဝန်ကို အမြဲမပြတ်စောင့်ကြည့်ပေးခြင်းတို့ကို လုပ်ဆောင်ခြင်းအားဖြင့် ၂၀၂၀ ခုနှစ်ခန့်တွင် ဆင်းရဲသော နိုင်ငံများ၌ အသေမွေးနှုန်းမှာ ထက်ဝက်မျှ လျော့နည်းသွားနိုင်ကြောင်း စစ်တမ်းတွင် အကြံပြုထားသည်။

လက်ရှိအနေအထားတွင် အဆိုပါပြဿနာကို ဖြေရှင်းပေးနိုင်ခြင်းမရှိသေးပါဟု ကလေးများစောင့်ရှောက်ရေးအသင်းက ပြောကြားသည်။

လျစ်လျူရှု

ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များတွင် မိခင်နှင့် ရင်သွေးများ သေဆုံးမှုလျော့ကျရေးအတွက်လည်း ပါဝင်သည်။ သို့သော်ငြားလည်း ရင်သွေးများ အသေမွေးဖွားခြင်းကို လျစ်လျူရှုထားကြသည်ဟု စစ်တမ်းပြုစုသူများက တင်ပြထားပြီး ဆင်းရဲသောနိုင်ငံများ၏ "မမြင်ရသော သေဆုံးမှုများ" ဟုဆိုသည်။

ကလေးအသေ မွေးဖွားမှုသည် အာဖရိက ဆာဟာရဒေသနိုင်ငံများနှင့် တောင်အာရှနိုင်ငံများတွင် အများ ဆုံး ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

ဆင်းရဲသောနိုင်ငံများသည် ဆယ်စုနှစ်ကုန်ပိုင်းတွင် အသေမွေးဖွားခြင်းကို ၅၀ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ရန် ကြိုးပမ်းသင့်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းများ စနစ်တကျချမှတ်သင့်ကြောင်း ၎င်းစစ်တမ်းတွင် အကြံပြုထားသည်။ **အင်တာနက်။**

ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးကို ကျန်းမာရေးဝန်ထမ်းတစ်ဦး စစ်ဆေးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

သမိုင်းဝင် အာကာသခရီးစဉ် မစတင်မီ ဗော့စတော့ အာကာသယာဉ်အတွင်း ကြိုတင်ပြင်ဆင်မှုပြုလုပ်နေသော ယူရီဂါဂါရင်။

အာကာသသုတေသနလုပ်ငန်းများ ရုရှားနိုင်ငံ၏ ဦးစားပေးအစီအစဉ်ဖြစ်

မော်စကို ဧပြီ ၁၄

အာကာသနည်းပညာပြိုင်ပွဲ၌ ရရှိထားသော အောင်မြင်မှုများကို ရုရှားနိုင်ငံအနေဖြင့် ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း ကမ္ဘာ့ပထမဆုံး အာကာသသူရဲကောင်း ယူရီဂါဂါရင်၏ နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ်ကာလဖြစ်သော ဧပြီ ၁၂ ရက်တွင် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

၁၉၆၁ ခုနှစ် ဧပြီ ၁၂ ရက်တွင် စတင်ခဲ့သော ရုရှားအာကာသယာဉ်မှူး ယူရီဂါဂါရင်၏ ၁၀၈ မိနစ်ကြာ အာကာသခရီးစဉ်သည် ရုရှားနိုင်ငံ၏ အမျိုးသားသမိုင်းမှတ်တိုင်အဖြစ် တည်ရှိဆဲဖြစ်သည်။

ယူရီဂါဂါရင်၏ အာကာသခရီးစဉ် နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ဆိုဗီယက်ခေတ်ပုံစံအခမ်းအနားများ ကျင်းပကာ ရုရှားနိုင်ငံက ဂုဏ်ပြုခဲ့သည်။

မိမိတို့သည် အာကာသအတွင်းသို့ လူသားကို ပထမဆုံး စေလွှတ်နိုင်ခဲ့သော နိုင်ငံဖြစ်ကြောင်း၊ မိမိတို့ရရှိထားသည့် အောင်မြင်မှုအရှိန်အဝါကို ဆက်လက်ထိန်းသိမ်းထားရန် လိုအပ်ကြောင်း ရုရှားသမ္မတမက်ဗီဒက်ဗ်က ပြောကြားသည်။

ဝေဖန်ခဲ့

၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက်ပိုင်း ရုရှားနိုင်ငံသည် အာကာသသုတေသနလုပ်ငန်းများ၌ စိတ်ပါဝင်စားမှု လျော့နည်းလာကြောင်း ကမ္ဘာ့ပထမဆုံး အမျိုးသမီး အာကာသသူရဲကောင်း ဗက်သ်လာနာ ဆာဗစ္စကာယာက ဝေဖန်ခဲ့ပြီးနောက် ရုရှားသမ္မတ၏ ကြေညာချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဗက်သ်လာနာ ဆာဗစ္စကာယာသည် ၁၉၈၂ နှင့် ၁၉၈၄ ဆိုဗီယက် အာကာသမစ်ရှင်များတွင် ပါဝင်ခဲ့ပြီး ကမ္ဘာပတ်လမ်းကြောင်းအတွင်း လမ်းလျှောက်ထွက်နိုင်ခဲ့သော ပထမဆုံး အမျိုးသမီး အာကာသယာဉ်မှူးဖြစ်သည်။ **အင်တာနက်။**

ဆူနာမီရေလှိုင်းဒဏ်ခံဒေသသို့ ဂျပန်ဧကရာဇ်ဘုရင်နှင့် ကြင်ယာတော် သွားရောက်

တိုကျို ဧပြီ ၁၄

ဂျပန်ဧကရာဇ် အကီဟီတိုသည် မတ် ၁၁ ရက် မြေငလျင် နှင့် ဆူနာမီရေလှိုင်းဒဏ်များ ခံစားခဲ့ရသော ဒေသများသို့ ဧပြီ ၁၄ ရက်က သွားရောက်ကာ အသက်ရှင်ကျန်ရစ်သူများအား အားပေးနှစ်သိမ့်ပေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂျပန်ဧကရာဇ် အကီဟီတိုနှင့်အတူ မိဖုရား မီချိကိုသည်လည်း ငလျင်နှင့် ဆူနာမီဒဏ်ခံစားခဲ့ရသော အဆာဟိမြို့ရှိ ခိုလှုံရေးစခန်းနှစ်ခုသို့ သွားရောက်ကာ ဒုက္ခသည်များကို တွေ့ဆုံအားပေးခဲ့သည်။

အဆာဟိမြို့သည် တိုကျိုမြို့တော်မှ ၅၄ မိုင်ကွာဝေးကာ ပစိဖိတ်ကမ်းရိုးတန်းဒေသနှင့်နီးကပ်ပြီး မတ် ၁၁ ရက် သဘာဝဘေးဒဏ်များကို အကြီးအကျယ်ခံစားခဲ့ရသော မြို့တစ်မြို့ဖြစ်သည်။

ငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်များကြောင့် အဆာဟိမြို့၌ လူနေအိမ် ၃၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရပြီး ၁၃ ဦးသေဆုံးခဲ့ရသည်။

အဆာဟိမြို့တွင်းရှိ အပျက်အစီးများ ရှင်းလင်းပြီးကာစ နေရာတစ်နေရာကို ဂျပန်ဧကရာဇ်နှင့် ကြင်ယာတော်တို့ သွားရောက်ခဲ့ပြီး ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။

ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံ၌ ရေဒီယိုသတ္တိကြွမှု ဖြစ်ပေါ်နေခြင်းကြောင့် ယင်းစက်ရုံ အနီးဝန်းကျင်၌ နေထိုင်သူ ၁၄၀၀၀၀ ခန့်သည် ယာယီခိုလှုံရေးစခန်းများ၌ ပြောင်းရွှေ့နေထိုင်ရဆဲဖြစ်သည်။ **အေပီ။**

ဆူနာမီဒဏ်ခံစားရသူများကို အားပေးနှစ်သိမ့်နေသည့် ဂျပန်ဧကရာဇ်နှင့် ကြင်ယာတော်တို့ကို ဧပြီ ၁၄ ရက်က တွေ့ရစဉ်။

မက္ကဆီကို မူးယစ်စစ်ပွဲကို အကြောင်းပြု၍ ဝေါဟာရအသစ်များ ထွက်ပေါ်

ဆီယူဒက်ဂျူအာရက်ဇ် ဧပြီ ၁၄

မက္ကဆီကိုမူးယစ်စစ်ပွဲကို အကြောင်းပြု၍ မူးယစ်မှောင်ခိုဂိုဏ်း သတင်းပေးများအတွက် ဝေါဟာရအသစ်များနှင့် မူးယစ်ဂိုဏ်းများကြောင့် သေဆုံးရသူများအတွက် ဝေါဟာရအသစ်အဆန်းများပေါ်ထွက်လာကြောင်း ဧပြီ ၁၄ ရက် သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

မက္ကဆီကို နိုင်ငံ၌ နာကိုး (Narco) ဟူသော ဝေါဟာရသည် အထွေထွေသုံးရှေ့ဆက်စကားလုံးအဖြစ် အသုံးတွင်ကျယ်လာသည်ဟုဆိုသည်။

မက္ကဆီကို မူးယစ်စစ်ပွဲကို အကြောင်းပြုဖြစ်ပေါ်လာသော ဗန်းစကားများနှင့် စကားနု၊ စကားယဉ်များသည် မူးယစ်ဂိုဏ်းများနှင့် ပတ်သက်၍ လူအများစိတ်တွင်းဖြစ်ပေါ်လာသော စိုးရိမ်ကြောင့်ကြမှုများအား သက်သာရာရစေရန် ကူညီသမှုပြုကြောင်း ကျွမ်းကျင်သူအချို့က ဆိုကြသည်။

မူးယစ်စစ်ပွဲအတွင်း သို့မဟုတ် မူးယစ်မှောင်ခိုဂိုဏ်းများအကြား ဖြစ်ပွားသော အကြမ်းဖက်မှုများအတွင်း သေဆုံးခဲ့ရသူများကို ညွှန်းဆိုရာတွင် မည်သို့မည်ပုံ သေဆုံးရသည်ဟူသော အချက်အပေါ်မူတည်၍ ဗန်းစကားအသစ်များ ပေါ်ပေါက်လာသည်။ အင်ကိုဘီဂျာဒို့စ်(Enco bijados) ဟူသော ဝေါဟာရသည် ခြုံစောင်ဖြင့် လွှမ်းပက်ခံထားရသော ရုပ်အလောင်းကို ဆိုလိုသည်။

အင်ကာဂျူလာဒို့စ်(Enca juelados)ဟူသော ဝေါဟာရသည် သတ်ဖြတ်ခံရပြီးနောက် မော်တော်ယာဉ် နောက်ခန်းပစ္စည်းထည့်သည့်နေရာ၌ ထားရှိသည့် ရုပ်အလောင်းကို ဖော်ညွှန်းသည်။ အင်ဆင်ကာဒို့စ် (Encintados)ဟူသော ဝေါဟာရသည် ပစ္စည်းထုပ်တိပ်ဖြင့် ရစ်ပတ်ခံရခြင်းကြောင့် အသက်ရှူကျပ်သေဆုံးသူများကို ရည်ညွှန်းသည်။

နာကိုး (မူးယစ်)ဟူသော ဝေါဟာရသည် မက္ကဆီကိုနိုင်ငံ၌ ရေလဲသုံးသော ဝေါဟာရတစ်ခုဖြစ်လာသည်။ နာကိုး ဖိုးဆက်စ် (Narco-Fosas)ဟူသော ဝေါဟာရသည် မူးယစ်ဂိုဏ်းများက လူသတ်ပြီး အစဖျောက်မြှုပ်နှံရာမြေကျင်း များကိုဆိုလိုပြီး နာကိုး-မန်တက်စ်(Narco-mantas)ဟူသော ဝေါဟာရသည် မူးယစ်မှောင်ခိုဂိုဏ်းများ လွှင့်ထူတတ်သော ခြိမ်းခြောက်စာများ ပါရှိသည့် တံခွန်များကို ဆိုလိုသည်။

နာကိုး တီအန်ဒီးတက်စ် (Narco- Tienditas) ဟူသော ဝေါဟာရကို နယ်ပယ်ကျဉ်းကျဉ်းတွင် လုပ်ကိုင်သော မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းကို ဖော်ပြရာတွင် အသုံးပြုပြီး ယင်းသို့သော နေရာများ၌ ဘိန်းဖြူကိုပါ ရောင်းဝယ် တတ်ပါက ပီကာဒါးရိုစ် (picaderos) ဟူ၍ ခေါ်ဆိုလေ့ရှိသည်။

အငှားယာဉ်မောင်းတစ်ဦးအသွင်ဖြင့် ပစ်မှတ်နောက်သို့ လိုက်သော မူးယစ်ဂိုဏ်းသတင်းပေးများကို ဟယ်လ်ကွန် (Halcon) ဟူ၍ ဆိုလေ့ရှိကြသည်။

ဇီးတားဟုခေါ်သည့် ရက်စက်ကြမ်းကြုပ်သော မူးယစ်ဂိုဏ်းတစ်ဂိုဏ်းကို အချို့သောမက္ကဆီကို နိုင်ငံသားများက "နောက်ဆုံးစာလွှာ" (The Last Letter) ဟူ၍ ခေါ်ဆိုလေ့ရှိကြသည်။

ဇီးတားကဲ့သို့သော မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများနှင့် ပတ်သက်၍ ဖော်ပြရာတွင် မက္ကဆီကိုအာဏာပိုင်များက ယေဘုယျအားဖြင့် မူးယစ်ဂိုဏ်းဟူသော ဝေါဟာရကို သုံးစွဲလေ့မရှိဘဲ အုပ်စုဖွဲ့ ရာဇဝတ်မှုကျူးလွန်သော ဂိုဏ်းဟူ၍ ဖော်ပြလေ့ရှိသည်။ မူးယစ်မှောင်ခိုဂိုဏ်းများ၏ ဝင်ငွေအများစုသည် ဆက်ကြေးကောက်ခံခြင်းနှင့် ပြန်ပေးဆွဲခြင်းတို့မှ ရရှိသည်ဖြစ်ရာ အထက်ပါဝေါဟာရသည် ပိုမိုဆီလျော်ဖွယ်ရာရှိသည်။

အတွေ့အကြုံခံစားချက်များကို ပုံဖော်ပေးသော ဘာသာစကားသည်လူတို့၏ စိတ်တွင်းစိုးမိုးထားသော ချောက်ချားမှုများကို ဖြေလျှော့ပေးနိုင်ကြောင်း ဆီယူဒက်ဂျူအာရက်ဇ်မြို့၌ ဖြစ်ပွားသော အကြမ်းဖက်မှုများကြောင့် ဖြစ်ပေါ်သည့် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများကို လေ့လာသူတစ်ဦးက ဆိုသည်။ ဂျူအာရက်ဇ်မြို့သူ၊ မြို့သားများက မူးယစ်ဂိုဏ်းများ၏ မြေစာပင်ဖြစ်ခဲ့ရသူများကို မွာတီတို့စ် (Muertitos) အဓိပ္ပာယ်အားဖြင့် ပမွှားသေဆုံးသူများဟူ၍ ခေါ်ဆိုမှုအားဥင်းက ထောက်ပြခဲ့သည်။

မည်သို့ဆိုစေ မက္ကဆီကိုနိုင်ငံ မူးယစ်စစ်ပွဲဆိုင်ရာ ဝေါဟာရများသည် တဖြည်းဖြည်းဖြင့် ပိုမိုရက်စက်ကြမ်းကြုတ် လာသော မူးယစ်ဂိုဏ်းများ၏ ပုံရိပ်ကို လျော့ပါးစေရန်ကြိုးစားသည့် လက္ခဏာတစ်ရပ်ဟု ဆိုဖွယ်ရာရှိသည်။

အေပီ။

လက်ဘနွန်နှင့် ပိုင်ဆိုင်ခွင့်အငြင်းပွားဒေသအတွင်း အစ္စရေးတပ်မတော်မှ တင့်ကားတစ်စီး ဝင်ရောက်ခဲ့

အဒေးဆား ဧပြီ ၁၄

လက်ဘနွန်နိုင်ငံနှင့် အငြင်းပွားလျက်ရှိသော နယ်စပ်ဒေသတစ်ခုအတွင်းသို့ အစ္စရေးတပ်မတော်မှ တင့်ကားတစ်စီး ဧပြီ ၁၄ ရက်က မမျှော်လင့်ဘဲ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

လက်ဘနွန်နိုင်ငံတောင်ပိုင်း အစ္စရေးနယ်စပ်၌ လက်ဘနွန်တပ်ဖွဲ့ဝင်များကို ဧပြီ ၁၄ ရက်က တွေ့ရစဉ်။

ယင်းကဲ့သို့ အစ္စရေးတင့်ကား ဝင်ရောက်လာခြင်းကြောင့် ဒေသတွင်း အရေးပေါ်အချက်ပေးမှုများ ထုတ်လွှင့်ခဲ့ရပြီး ဒေသခံလူများအနေဖြင့် အရေးပေါ်စားနပ်ရိက္ခာများ စုဆောင်းရသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။

အစ္စရေးတပ်မတော်မှ မာကာဗာ အမျိုးအစားတင့်ကားတစ်စီးသည် လက်ဘနွန်နှင့် ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသော ဒေသတွင်းသို့ လေးမီတာမျှ ကျူးကျော်ဝင်ရောက်ခဲ့ပြီး ပြန်လည်ထွက်ခွာသွားကြောင်း လက်ဘနွန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အစ္စရေးတင့်ကားဝင်ရောက်ရာဒေသ၌ လက်ဘနွန်စစ်ဘက်နှင့် ကုလသမဂ္ဂကြားခံတပ်ဖွဲ့များ တပ်စွဲထားကြောင်း သတင်းတွင်ဖော်ပြသည်။

ထူးခြားဖြစ်စဉ်မရှိ

လက်ဘနွန်နှင့် အစ္စရေးနယ်စပ်တစ်လျှောက်၌ ထူးခြားဖြစ်စဉ်တစ်စုံတစ်ရာမရှိခဲ့ကြောင်း တင့်ကား ဝင်ရောက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့အကြား နယ်စည်းသတ်မှတ်ထားသော မျဉ်းပြာနယ်ခြားစည်းကို အစ္စရေးတင့်ကားက ဖြတ်ကျော်ဝင်ရောက်ခဲ့ကြောင်း လက်ဘနွန်စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံအကြား မျဉ်းပြာနယ်စပ်စည်းကို၂၀၀၀ ပြည့်နှစ်၌ ကုလသမဂ္ဂက ရေးဆွဲသတ်မှတ်ခဲ့သော်လည်း အဆိုပါစည်းပေါ်ရှိ နေရာဒေသအများအပြားပိုင်ဆိုင်ခွင့်ကို နှစ်နိုင်ငံလုံးက အရေးဆိုလျက်ရှိသည်။

အေအက်ဖ်ပီ။

ပင်လယ်ဓားပြမှုများ ကမ္ဘာတစ်ဝန်း တိုးမြင့်ဖြစ်ပေါ်

ကွာလာလမ်ပူ ဧပြီ ၁၄

ဆိုမာလီပင်လယ်ဓားပြများ၏ အပြုအမူများ ပိုမိုကြမ်းတမ်းလာသည်နှင့်အမျှ ယခုနှစ်လေးလတာ ကာလအတွင်း ကမ္ဘာတစ်ဝန်း၌ ပင်လယ်ဓားပြမှု ၁၄၂ မှုဖြစ်ပွားခဲ့ရကြောင်း နိုင်ငံတကာ ရေကြောင်းသွားလာရေးဗျူရိုက ယနေ့ ထုတ်ဖော်တင်ပြခဲ့သည်။

နိုင်ငံတကာရေကြောင်းသွားလာရေးဗျူရို၏ အစီရင်ခံစာအရ ၂၀၁၁ ခုနှစ် ပထမလေးလတာအတွင်း ဆိုမာလီကမ်းရိုးတန်းကမ်းလွန် ရေပြင်၌ ပင်လယ်ဓားပြမှု ၉၇ မှုဖြစ်ပွားခဲ့ပြီး ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၅ မှု ပိုတိုးလာကြောင်း သိရသည်။

ဆိုမာလီပင်လယ်ဓားပြများသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ရေနံတင်သင်္ဘောကြီး သုံးစင်းအပါအဝင် သင်္ဘော ၁၈ စင်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး သင်္ဘောသား ၃၄၄ ဦးအား ဖမ်းဆီးခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းကာလများအတွင်း ဆိုမာလီပင်လယ်ဓားပြများသည် သင်္ဘောသား ခုနစ်ဦးကို သတ်ဖြတ်ခဲ့ပြီး ၃၄ ဦးကို ဒဏ်ရာအနာတရဖြစ်စေခဲ့ကြောင်း နိုင်ငံတကာရေကြောင်းသွားလာရေးဗျူရို၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံတကာရေတပ်များက တန်ပြန်တိုးမြှင့်လာသော ရေကြောင်းကင်းလှည့်မှုများကို ရှောင်ရှားနိုင်ရန် ဆိုမာလီပင်လယ်ဓားပြများကလည်း အကြမ်းဖက်မှုဆိုင်ရာ နည်းနာများကို ပြောင်းလဲခဲ့ကြောင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အခြေစိုက် နိုင်ငံတကာရေကြောင်းသွားလာရေးဗျူရိုက ပြောကြားသည်။ **အေပီ။**

၁၇. ၄. ၂၀၁၁ ရက်မှစတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသနေသည့်ဇာတ်ကားများ		
သမ္မတ ဖုန်း-၂၄၆၉၆၂ ၊ ၂၄၆၉၆၃	လာထားအာဘွား	ရန်အောင်(နန်းရှိန်း)၊ နေတိုး၊ ဝေဠုကျော် နန္ဒ၊ သက်မွန်မြင့်၊ ခရစ္စတီးနား
သွင် ဖုန်း-၃၇၂၅၉၄ ၊ ၇၂၂၅၈၂	လာထားအာဘွား	ရန်အောင်(နန်းရှိန်း)၊ နေတိုး၊ ဝေဠုကျော် နန္ဒ၊ သက်မွန်မြင့်၊ ခရစ္စတီးနား
မင်္ဂလာ ဖုန်း-၂၄၃၀၅၇ ၊ ၂၄၃၀၅၈	လာထားအာဘွား	ရန်အောင်(နန်းရှိန်း)၊ နေတိုး၊ ဝေဠုကျော် နန္ဒ၊ သက်မွန်မြင့်၊ ခရစ္စတီးနား
နေပြည်တော် ဖုန်း-၂၅၁၂၇၇ ၊ ၂၅၁၂၈၈	DRIVE ANGRY	NICHOLAS CAGE AMBER HEARD
ရွှေဆောင် ဖုန်း-၂၅၂၁၁၃ ၊ ၃၈၈၀၃၄	WORLD INVASION BATTLE : LOS ANGELES	AARON ECKHART MICHELLE RODRIGUEZ
ပွဲချိန်သတိ (နေ့စဉ်) ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ		

သန်းဌေးနှင့် ရောင်းရင်းများမှ နှစ်သစ်ခရီးစဉ်များ
သင်္ကြန်တွင်း (နေ့စဉ်) ကျိုက်ထီးရိုး၊ ချောင်းသာ
APR 18-29 MAY 6-17-20-27
- ပုဂံ-ပုပ္ပါး (စွယ်တော်) (၄) ရက်
- မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (အလောင်းတော်) (၅) ရက်။
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၅) ရက်။ (အားလုံးပါ (၁၀)ရက်)
(ထမင်းကျွေး၊ စက်လှေခ၊ တစ်ဆင့်သွားကားခ၊ တည်းခိုခန်းတည်းခ (ငြိမ်း)
- ပုဂံ-တောင်ကြီး-မန္တလေး (အဆင့်မြင့် Hotel) 130000/-140000/-
- ကျိုက္ခမီ ကဆုန်ညောင်ရေသွန်းပွဲ (၁၇-၅-၂၀၁၁) ထွက်မည်
- ဇလွန်၊ နေပြည်တော် (နှစ်ဆန်း ၁ ရက်နှင့် တနင်္ဂနွေ) ထွက်မည်။
အမှတ် (၄၂၄)၊ ရွှေဘုံသာလမ်း(အထက်)၊ ဖုန်း - 241863, 380141, 099973158

တော်ဝင်နှင်းဆီ
မြို့တွင်း/ ပြင် ခရီးစဉ်အမျိုးမျိုး အထူးကားများစုံလင်စွာရနိုင်သည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
☎ - 380183, 392086

Asia Top Travels
Air-Con Express
ချောင်းသာ၊ ငွေဆောင်
ကျိုက်ထီးရိုး (နေ့စဉ်)
သင်္ကြန်တွင်းပိတ်ရက်မရှိပါ။
☎383524
098635520,0973029613

အသိကျ အကြောပြေ သီးဝမ်းမှန် စေတဲ့
မုံရွာဆရာမိုး ရဲ့
ကျောက်တစ်လုံးဝမ်းမှန်ဆေး
0412 YR 004687
ပင်ရင်း-၈၂-၃၅၆၊မေခါဝိလမ်းမကြီး၊ ၈၂-ရပ်ကွက်၊ ရတနာသီဂီဈေးအနီး၊ မ/ဥက္ကလာပ။
ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၁-၆၉၁၀၇၉၊ မန္တလေး - ၀၉၂၀၁၃၃၀၉

GOLDEN STAR ခရီးသွားလုပ်ငန်း
ချောင်းသာ(နေ့စဉ်) ကျိုက်ထီးရိုး(နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
153-လမ်းထိပ်၊တာမွေ။
Ph: 430480, 544383, 705968, 09-5081580, 09-5046000

Golden Brothers Travels
ရွှေဂုံတိုင်-အထက်ဘုရားရုံ
ချောင်းသာ နေ့စဉ်
Hotel, Guest House ကိစ္စ စီစဉ်ပေးသည်
095122760,0943030023

Beauty Land Air-Con Express
ရွှေဂုံတိုင်-အထက်ဘုရားရုံ
သင်္ကြန်တွင်း အထူးနှုန်း
ချောင်းသာ နေ့စဉ်
Hotel, Guest House ကိစ္စ စီစဉ်ပေးသည်
0973113422,095190916

အာရှနဂါး
ချောင်းသာ/ငွေဆောင်
707062, 09861 9008
703790, 09861 7770

မူးယစ်ကင်းစင် အောင်ပွဲဆင်

ဘုတလင်၌ ကြက်မွေးမြူရေးခြံများ ဇီဝလုံခြုံမှု အဆင့်မြှင့်တင်ရေး ပညာပေးဟောပြော

ဘုတလင် ဧပြီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာသန်းထိုက်သည် မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းဗိုလ်နှင့် ဝန်ထမ်းများ လိုက်ပါလျက် မတ် ၉ ရက် နံနက်က ဘုတလင်မြို့နယ်အတွင်းရှိ ကြက်မွေးမြူရေးခြံများသို့ ကွင်းဆင်းပြီး ဇီဝလုံခြုံရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြို့နယ်ရုံးတွင် ဇီဝလုံခြုံရေး အဆင့်မြှင့်တင်မှု ပညာပေးဟောပြောပွဲ ပြုလုပ်ပြီး **(အောက်ပုံ)** ကြက်မွေးမြူရေး ခြံပိုင်ရှင်များသို့ ခြံဖျန်းဆေးများ ပေးအပ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ဆည်မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၄

မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ နှစ်စဉ်ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၏ ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၅ နာရီတွင် ကျောက်ဆည်မြို့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့ပေါ်ရပ်ကွက် ၁၀ရပ်ကွက်မှ ယိမ်းအကပြိုင်ပွဲဝင်အဖွဲ့များနှင့် ဧည့်သည်တော်များက "မြနန္ဒာ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြပြီး နံ့သာရည်၊ အောင်သပြေခက်နှင့် အတာရေပက်ဖျန်းကြကာ နှစ်သစ်ကူး အတာသင်္ကြန်ကို ကြိုဆိုကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်ယိမ်းအကအဖွဲ့များက အလှည့်ကျပြိုင်ပွဲဝင်ကြသည်။ ၁၃၇၂ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကို မြို့ပေါ်ရှိ ၁၀ ရပ်ကွက်မှ ရေကစားမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မသင်္ကာသူကို ရှာဖွေ ဖမ်းဆည်း

ပင်လည်ဘူး ဧပြီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်ရဲစခန်းမှ ခေတ္တစခန်းမှူး ဒု-ရဲအုပ်တင်မိုး နှင့်အဖွဲ့သည် မတ် ၁၆ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် တက္ကသိုလ်ဝင်စာမေးပွဲ လုံခြုံရေးနှင့် နယ်မြေသတင်းစုံစမ်းနေစဉ် ပင်လည်ဘူးမြို့ မြို့မရပ်ကွက်နေ ဒေါ်ထွေးကြည်၏နေအိမ်တွင် မသင်္ကာဖွယ်လူတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ဇာနည်ဦး (၂၆)နှစ် (ဘ) ဦးသိန်းလွင် ရွှေလုပ်ငန်း ရပ်ကွက် ဟဲလှော်ရွာ ဖောင်းပြင်မြို့နယ်နေသူဖြစ်ကြောင်း သိရှိရပြီး ၎င်း၏အင်္ကျီအိတ်ကပ်အတွင်းမှ ငွေ ၅၀၀၀ ကျပ်တန် အတု ၁၈ ရွက် တွေ့ရှိခဲ့ပြီး ၎င်းတည်းခိုသော မြို့မတည်းခိုခန်းကို ထပ်မံရှာဖွေရာ ၎င်းဝတ်ဆင်ထားသော လယ်သာအင်္ကျီအတွင်း ငွေ ၅၀၀၀ ကျပ်တန် အတု ၂၉ ရွက် ထပ်မံတွေ့ရှိသဖြင့် မတ် ၁၆ ရက် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ် တွင် ပင်လည်ဘူးရဲစခန်း၌ (ပ)၂၄/၂၀၁၁ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၈၉-ခ၊ ၄၈၉-ဂ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ဇာနည်ဦးသည် ၎င်း၏ရည်းစား ဒေါ်ထွေးကြည်၏ သမီးဖြစ်သူ မဇာခြည်သန်းထံသို့ လာရောက်တွေ့ဆုံခြင်းဖြစ်ပြီး ၎င်းငွေတုများကို ဖောင်းပြင်မြို့နယ် ဟဲလှော်ကျေးရွာနေ မောင်ဦးထံမှ ရရှိခဲ့ကြောင်း သိရသည်။ (၂၁၄)

ဆိုင်ကယ်ခိုးသူ ဖမ်းမိ

ကောလင်း ဧပြီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ဈေးရုံဗိုလ်တဲရပ်ကွက်နေ ဦးငြိမ်းချမ်း၏ ဘူတာဈေးဆိုင်နောက်တွင် မတ် ၂၁ ရက် ည ၈ နာရီခန့်၌ ရပ်ထားသော (၂ယ/၉၁၇၅၃) ဂျာလင်းဆိုင်ကယ်အား မောင်ငယ် (အသက်-၂၀နှစ်) (ဘ) ဦးစိုးမြင့် သဲကောရွာ ကောလင်းမြို့နေသူက ခိုးယူထွက်ပြေးသဖြင့် မီးရထားရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်များ၊ ကောလင်းမြို့နယ် ရဲစခန်းမှ ဒု-ရဲအုပ် ဇော်ထက်အောင်၊ ဘူတာလုံခြုံရေးတာဝန်ကျ တပ်ကြပ်လှသောင်းနှင့် ဆိုင်ကယ်ပိုင်ရှင်များက ဝိုင်းဝန်းလုံးထွေးဖမ်းဆီးစဉ် မောင်ငယ်က အသင့်ပါလာသော ဓားဦးချွန်ဖြင့် ပြန်လည်ခုခံရာ တပ်ကြပ်ကြီး လှသောင်း၏ ညာဘက်လက်ကောက်ဝတ်တွင် ပြတ်ရှဒဏ်ရာတစ်ခုရရှိ၍ တာဝန်ထမ်းဆောင်သူအား အပြင်းအထန်ဒဏ်ရာရရှိအောင်ပြုလုပ်သူ မောင်ငယ်အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

တရားလို ဒုရဲအုပ်သန်းဇော်က (ပ)၆၉/သ၊ ပြစ်မှုဆိုင်ရာပုဒ်မ-၃၃၃၊ အရိုးအသွား(၁၀)လက်မရှိ ဓားဦးချွန်ကို တရားမဝင်ကိုင်ဆောင်သူ မောင်ငယ် လက်နက်ဥပဒေအရ ပရဝ/၁၁ ပြစ်မှုလက်နက် ၁၉(င)အရ အရေးယူထားကြောင်း သိရသည်။ (၂၁၄)

ရန်ကုန်အရှေ့ပိုင်းခရိုင် မထသ ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဧပြီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ဝန်ထမ်းများအား ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ယာဉ်လိုင်း ၁၆ လိုင်းများမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား လုပ်အားယှဉ်ပြိုင်ရေး ချီးမြှင့်ခြင်းအခမ်းအနားကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီက သယ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး အရှေ့ပိုင်းခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က ဝန်ထမ်းများအား ထောက်ပံ့ကြေးချီးမြှင့်ခြင်းနှင့် လုပ်အားယှဉ်ပြိုင် ဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်၊ အတွင်းရေးမှူး ဦးဘမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မြို့၊ အရှေ့ပိုင်းခရိုင် ယာဉ်လိုင်းဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အတွင်းရေးမှူး ဦးအောင်ဇော်လှိုင်နှင့် အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းခရိုင်ယာဉ်လိုင်းဥက္ကဋ္ဌများက ဝန်ထမ်းများအား ထောက်ပံ့ကြေးနှင့် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအားလုပ်အားယှဉ်ပြိုင်ဆုချီးမြှင့်ငွေကျပ် စုစုပေါင်း ကျပ် ၁၅၅ သိန်းချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

မိမိရပ်ရွာ/ ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများ ပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

ဥတုရာသီ တောကိုမှီ၏

ပညာဂုဏ်ရောင် အလင်းဆောင်

အရုဏ်သစ်စာကြည့်တိုက် တောင်ကြီးမြို့နယ်၌ဖွင့်

တောင်ကြီး ဧပြီ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု တိုနားကျေးရွာ အရုဏ်သစ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၇ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်နှင့် ရပ်မိရပ်ဖ ဦးဉာဏ်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျော်မြင့်၊ STUDENTS' CHOICE စာပေနှင့် သူရိန်မင်း စာပေတို့က စာအုပ်စာစောင်များကိုလည်းကောင်း၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှ ၁၄ လက်မ တီဗွီတစ်လုံး၊ 3D EVD တစ်လုံးတို့ကိုလည်းကောင်း၊ အဆောက်အအုံဆောက်လုပ်ရန် ဌာနဆိုင်ရာများက ငွေကျပ် သုံးသိန်း၊ ဒေသခံပြည်သူများက ငွေကျပ် ၃၂၅၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် တာဝန်ရှိသူအသီးသီးက လက်ခံရယူခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ကောလင်း စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာပေလှုပ်ရှားမှုများ ကွင်းဆင်းဆောင်ရွက်

ကောလင်း ဧပြီ ၁၄

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၁၉၉၀ ခုနှစ်မှစတင်၍ ကျေးလက်စာပေဖွံ့ဖြိုးရေးနှင့် စာပေအင်အားသစ်များ တိုးချဲ့စည်းရုံးနိုင်ရေးအတွက် နယ်မြေအလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ကောလင်းမြို့နယ် အရှေ့ခြမ်း၊ အနောက်ခြမ်း ကျောက်ပြင်သာ၊ ခံသာ၊ ချောင်းနား(၁)၊ (၂) နယ်မြေများတွင် ဖွင့်လှစ်ထားသော ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ဂျာနယ်၊ သတင်းစာ၊ မဂ္ဂဇင်းများ ပေးအပ်လှူဒါန်းခြင်း၊ နှုတ်မှုစွမ်းရည် စာပေပြိုင်ပွဲများ ကျင်းပခြင်း၊ စာပေပြိုင်ပွဲနှင့် စကားရည်လုပွဲများ ကျင်းပခြင်းများကို ဆောင်ရွက်ကြသည်။

အဆိုပါ အဖွဲ့သည် ၁၀ နှစ်တာကာလအတွင်း ကျေးရွာ ၄၀ သို့ စာအုပ်စာစောင် တန်ဖိုး သုံးဆယ့်ငါးသိန်းငါးသောင်းကျော်ကို လည်းကောင်း၊ နှုတ်မှုစွမ်းရည်ပြိုင်ပွဲ (၁၂) ကြိမ်၊ စကားရည်လုပွဲ (၁၅) ကြိမ်၊ စာပေပြိုင်ပွဲ (၃၅) ကြိမ်နှင့် စာပေရေးရာသင်တန်း ခုနစ်ကြိမ် ကျင်းပပြီး စာပေအင်အားသစ် စာရေးဆရာ၊ သတင်းစာဆရာ ကိုးဦးကို ပြုစုပျိုးထောင်နိုင်ခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်တွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းနိုင်ရေးကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) နှင့် ဆက်သွယ်ထားကြောင်းသိရသည်။ (၂၁၄)

သာစည်မြို့နယ်တွင် ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

သာစည် ဧပြီ ၁၄

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ဘူးရုံကျေးရွာ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။ အခမ်းအနားတွင် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကျော်နိုင်က ဖွင့်ပွဲအထိမ်းအမှတ်အလံများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ထံ ပေးအပ်ပြီး မင်္ဂလာအချိန်တွင် ဘူးရုံကျေးရွာ ကျောက်ချောလမ်းသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်နှင့် အမှုဆောင်အရာရှိ ဦးကျော်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဘူးရုံကျေးရွာ ကျောက်ချောလမ်းသစ်မှာ အရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ ပေ ရှိပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်းတွင် ငွေကျပ် ၈၇ သိန်းကျော်အကုန်အကျခံ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူခင်းကျင်းခဲ့သော လမ်းဖြစ်ကြောင်း သိရသည်။

(၄၂၅)

စင်ကာပူသမ္မတနိုင်ငံတွင် မတ် ၉ရက်က ကျင်းပသည့် International Furniture Fair Singapore 2011 နှင့် (၂၈) ကြိမ်မြောက် ASEAN Furniture Show သို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဘာဘာချိုအား တွေ့ရစဉ်။

(မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း)

(၇၄)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၁၄

တာမွေမြို့နယ် ကျောက်မြောင်းကြီး စံပြရပ်ကွက် အမှတ်(၆၀) ဩဘာလမ်းနေ တာမွေမြို့နယ် စစ်မှုထမ်းဟောင်းရပ်ကွက် စည်းရုံးရေးမှူး/ မြို့နယ်မှုခင်းသတင်း ထောက် (လူမှုထူးချွန်တတိယဆင့်) မျက်ကြည်လွှာ အလှူရှင် တပ်ကြပ်ကြီး ကိုကိုညွန့်သည် (၆၆) နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် မတ် ၁၁ရက်က (၇၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။ **(ဓါတ်ပုံ)** (ကြေးမုံ)

မြန်မာ့ယဉ်ကျေးမှုသကြံ

- ✻ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ✻ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြံန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စက်ဘီးစက်ရုံ(ရန်ကုန်)၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်

ရန်ကုန် ဧပြီ ၁၄

အမှတ် (၁) စက်မှုဝန်ကြီးဌာန စက်ဘီးစက်ရုံ (ရန်ကုန်)၌ မတ် ၉ ရက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးသတ်သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးသင်းဌေးရွှေ၊ မင်္ဂလာတောင်ညွန့်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ရဲဗလမျိုးဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စက်ဘီးစက်ရုံ(ရန်ကုန်)မှ စက်ရုံမှူး ဦးကျော်ဆန်းနှင့် အရာထမ်း/အမှုထမ်း ၅၀၉ဦးတို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသင်းဌေးရွှေက ဆွေးနွေးပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံဝန်ထမ်းများပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ် လေ့ကျင့်ဆောင်ရွက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်အမှတ် (၁၁၂)ဝန်ထမ်းများ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၂၁ ရက်က အဆိုပါသစ်စက်၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦး ဦးဆောင်သော ရဲဘော်များ၊ သစ်စက်ဝန်ထမ်းများက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ကြစဉ်။ (၂၄၇)

မြို့နယ်တစ်ခွင် သာယာစည်ပင်



မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ကျိတ်ပုလဲ-ကျောင်းရွာ - ကန်ကြီး - ကုက္ကိုပြင် ကျေးလက်ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်ဇော်တို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့် မြို့သာယာလှပရေးအတွက် မြို့အထွက်၌ မြေယာရှုခင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးနှင့် ဈေးလေးရှေ့တွင် ဖေဖော်ဝါရီ ၁၅ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်သရုပ်ပြပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမိဈေးဖများ ပါဝင်ဆောင်ရွက်ကြစဉ်။

ဧပြီ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုနှင့် ရုံးတွင်းပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားမှုကို ကွင်းဆင်းစစ်ဆေးစဉ်။

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းဘေး ဝဲ/ယာရှိ ရေနုတ်မြောင်းများ ဆယ်ယူ သန့်ရှင်းရေး ပြုလုပ်နေခြင်းကို လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဒေါ်မန်းဒေ ကြီးကြပ်ဆောင်ရွက်စဉ်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကြည့်ရှုအားပေး

သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်နှင့် အဖွဲ့ နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

နေပြည်တော် မဟာသင်္ကြန်အကျနေ့ အတာရေသဘင်ပွဲဆင်နွှဲနေမှုများ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်နှင့်အဖွဲ့ လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁၄

မဟာသင်္ကြန်အကျနေ့တွင် နေပြည်တော်တစ်ခွင်၌ ပြည်သူအများ အေးချမ်းပျော်ရွှင် လန်းဆန်းစွာ ရေပက်ခံကားများဖြင့် လည်းကောင်း၊ တစ်ဦးချင်းနှင့် အဖွဲ့လိုက်လည်းကောင်း၊ မိသားစုအလိုက်လည်းကောင်း ရေသဘင်ပွဲ ဆင်နွှဲကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻

စည်ကားလျက်ရှိ

မဟာသင်္ကြန်အကျနေ့က အရှေ့ရွှေဂုံတိုင်လမ်းမကြီးရှိ တော်ဝင်နှင်းဆီ ရေသဘင်မဏ္ဍပ်၌ ရေကစားသူများဖြင့် စည်ကားလျက်ရှိစဉ်။

(သတင်းစဉ်)

မဟာသင်္ကြန်အကျနေ့ ရေသဘင်ပွဲ ရန်ကုန်မြို့၌ ပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၄

မဟာသင်္ကြန်အကြိုနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ခရိုင်အလိုက် သင်္ကြန်မဏ္ဍပ်များ၊ ပုဂ္ဂလိက ရေကစားမဏ္ဍပ်များ ဖွင့်ခဲ့ကြသည်။ သင်္ကြန်အကြိုနေ့တွင် ခါသင်္ကြန်ရေသဘင် ဆင်နွှဲမှုများသည် သာမန်မျှသာရှိခဲ့သော်လည်း ယနေ့ သင်္ကြန်အကျနေ့တွင် ပိုမိုစည်ကား အသက်ဝင်လာသည်ကို တွေ့ရသည်။ နေ့အပူရှိန်ကို ရှောင်ရှားရင်း နံနက်ပိုင်းထက် ညနေ ၃ နာရီခန့်မှစတင်၍ ရေကစားကြသူများ၊ ရေပက်ခံကားများ ပိုမိုများပြားစွာ ရေသဘင်ခံကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖